ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ (21-6-2007) (၅၃၅၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ် ကားလမ်း၊ တံတားများကြည့်ရှု မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နှစ်ပေါင်းစုံပြဆိုက်ခင်းကိုကြည့်ရှုပြီး ဒေသတွင်း ဆန်ဖူလုံရေးမှာကြား

တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင် မိုင်းဆတ်လေယာဉ်ကွင်းအနီး နှစ်ပေါင်းစုံပြဆိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားနေစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်သည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ မေ ၂၂ ရက်တွင် ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ် ကားလမ်းနှင့် တံတားများကို ကြည့်ရှုစစ်ဆေး၍ ယမ်းခ-တာကျော်က် ကားလမ်းအပိုင်း ယခင်နှစ် မိုးတွင်းကာလ ရေတိုက်စားမှုကြောင့် ကတ္တရာလမ်းသား ပြိုကျသည့်နေရာများ၌ ကွန်ကရစ်မြေထိန်းနံရံများ၏ ဆောက်လုပ်မှု အမြန်ပြီးစီးရေးကို တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

တိုင်းမှူးသည် ညနေပိုင်းတွင် တာချီလိတ်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းနှင့် ပျိုးခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ကေပြည့်မီအောင် စိုက်ပျိုးရေး၊ ကြက်ဆူဆီကြိတ်ခွဲစက်များ တည်ထောင်ရေးတို့ကို မှာကြားသည်။

တိုင်းမှူးသည် မေ ၂၃ ရက်တွင် တာချီလိတ်-မိုင်းဆတ် ကားလမ်းနှင့် တံတားများအခြေအနေအား ကြည့်ရှုစစ်ဆေး၍ မိုင်းဆတ်မြို့နယ်

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

မိုင်းပျဉ်း၊ ကျိုင်းခမ်း၊ နောင်ဝိုးဒေသ မြေလွတ်မြေရိုင်း ကေတစ်သိန်းကျော်တွင် ကုမ္ပဏီ ၃၃ ခုတို့က စီမံကိန်း ချမှတ်အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိ

နေပြည်တော် ဇွန် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) စိုက်ပျိုးရေးကုမ္ပဏီများ၏ မြေလွတ်မြေရိုင်းများဖော်ထုတ်၍ စိုက်ပျိုးရေးလုပ်ငန်း စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြမည့် ကုမ္ပဏီများမှ တာဝန်ခံများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သန်းက သီးနှံများ ထွက်နှုန်းကောင်းအောင် လိုအပ်သော မျိုးကောင်းမျိုးသန့်များ ဆောင်ရွက်ပေးသွားမည့်အခြေအနေနှင့် သီးနှံများ အကျိုးအမြတ်ဖြစ်ထွန်းအောင် ခေတ်မီစိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးက စိုက်ပျိုးမြေဖော်ထုတ်ရာတွင် ထွက်ရှိသော သစ်များအား မြန်မာ့သစ်လုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည့် အခြေအနေများအား လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း ပြည်နယ်သစ်ထုတ်လုပ်ရေး မန်နေဂျာ ဦးသင်းကြူက ကုမ္ပဏီများ၏ သစ်ထုတ်ဧရိယာများအား ပြည်နယ် သစ်ထုတ်လုပ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည့် အခြေအနေများအား လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးလုပ်ငန်း ကုမ္ပဏီတာဝန်ခံများက မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးမြေဖော်ထုတ်ပြုပြင်မှု၊ စိုက်ပျိုးပြီးစီးမှု၊ နှစ်တိုနှစ်ရှည် သီးနှံပင်များ စိုက်ပျိုးလုပ်ကိုင်မည့် အခြေအနေနှင့်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ▲

ယနေ့ မိုးလေဝသ

(၂၁-၆-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၁-၆-၂၀၀၇
(ကြာသပတေးနေ့)

မြို့ပြသန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး ပြည်သူအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်

မြို့ကြီးပြကြီးများတွင် လူဦးရေ တစ်နေ့တခြား တိုးပွားလာလျက်ရှိရာ စီးပွားရေးအချက်အချာကျသည့် မြို့ကြီးများ၌ မြို့ပြအင်္ဂါရပ်များနှင့်အညီ ကျန်းမာသန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဥယျာဉ်ပန်းခြံများ၊ ရေကန်များဖြင့် သဘာဝပတ်ဝန်းကျင်လှပရေး၊ ပြည်သူများ အပန်းဖြေ အနားယူနိုင်ရေးတို့အတွက် ဖန်တီးတည်ဆောက်ပေးနေသည်။

မြို့ကြီးများအတွင်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းများအဆင့်မြှင့်တင်၊ ကွန်ကရစ် ကတ္တရာ လမ်းသားတင် ခင်းကျင်းလျက်ရှိသည်။ ထို့အပြင် မိုးရာသီ၌ လမ်းများပေါ် ရေလျှံမှုမရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများ တူးဖော်နေသည်။ အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းရေးနှင့် ဈေး၊ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာတို့နှင့်အတူ ပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

မြို့ပြ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများသည် တစ်နေ့ချင်း၊ တစ်လချင်းဆောင်ရွက်၍ ပြီးစီးသွားသည်မဟုတ်ဘဲ နေ့စဉ်နေ့တိုင်း လုပ်ဆောင်ကြရမည့် လုပ်ငန်းများဖြစ်သည်။ ပြည်သူတိုင်းက အသိတရားရှိရှိဖြင့် လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည့် တာဝန်များလည်းဖြစ်သည်။

ရေမြောင်းများနှင့် လမ်းမပေါ်တွင် အမှိုက်သရိုက် အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ လူသွားစင်္ကြံပေါ် ကျူးကျော်၍ ကိုယ်ကျိုးစီးပွားအတွက်အသုံးပြုနေခြင်း၊ ခရီးသည်တင်ယာဉ်ပေါ်မှ အမှိုက်များပစ်ချခြင်း၊ လမ်းပေါ်သို့ ကွမ်းတံတွေးများထွေးချခြင်းတို့သည် မြို့ပြသန့်ရှင်းသာယာမှုနှင့် မြို့၏အလှကို အကျည်းတန် အရုပ်ဆိုးစေသည့် လုပ်ရပ်များဖြစ်သည်။

စည်းကမ်းမဲ့သူအချို့၏ လက်လွတ်စပယ်ပြုမှု၊ ချို့ယွင်းအားနည်းမှုသည် မြို့ပြနေ ပြည်သူအားလုံး၏ အကျိုးစီးပွားကို ထိခိုက်စေသည်။ ပတ်ဝန်းကျင်သန့်ရှင်းမှုကို ပျက်ယွင်းစေသည်။

မြို့ကြီးပြကြီးတိုင်းတွင် ပြည်သူများအားလုံးက တစ်ကိုယ်ရေကျန်းမာရေး အလေးထားပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မြို့ပြသန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများတွင် အသိတရားရှိရှိဖြင့် စည်းကမ်းလိုက်နာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် သန့်ရှင်းသာယာလှပသော မြို့ပြလူနေမှုဝန်းကျင်များ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးဒဏ်ကြောင့် ပျက်စီးသည့် လမ်း၊ တံတားများ အဆက်အသွယ်မပြတ်စေဘဲ အခက်အခဲအနည်းဆုံးနှင့်သွားလာနိုင်ရေးကို စိစစ်ဆောင်ရွက်ကြရန်လို ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်းစီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများ၊ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကား ပြောကြားရာ၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လုပ်ငန်း အကောင်အထည်ဖော်ရာတွင် အထူးစီမံကိန်းရေးဆွဲရေးအဖွဲ့မှ အတည်ပြုထားသည့် လုပ်ငန်းများ၊ ဝန်ကြီးဌာနအနေဖြင့် တာဝန်ယူရသည့် စီမံကိန်းများနှင့် သတ်မှတ်ဖော်ပြခြင်းမရှိဘဲ လုပ်ငန်းလိုအပ်ချက်အရ နယ်မြေဒေသအလိုက် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသော လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နေကြောင်း။

ယင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းပမာဏကြီးမားလျှင်ကြီးမားသကဲ့သို့ ငွေကြေးသုံးစွဲပြီး ဆောင်ရွက်နေကြရကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲရာ၌ စိစိစစ်စစ်၊ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် ခွင့်ပြုငွေ(Allotment)အတွင်း စနစ်တကျ ဆောင်ရွက်သွားကြရန်ဖြစ်ပြီး ငွေပမာဏမှာလည်း ကန့်သတ်ချက်ရှိပြီး အနည်းဆုံး အကောင်းဆုံးဖြစ်အောင် ကြပ်မတ်ဆောင်ရွက် ဦးဆောင်ပေးကြရန်၊ မိုးဒဏ်ကြောင့် ပျက်စီးသည့်လမ်း၊ တံတားများ အဆက်အသွယ် မပြတ်တောက်စေဘဲ အခက်အခဲ အနည်းဆုံးနှင့်သွားလာနိုင်ရေးကို စိစစ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်း အင်ဂျင်နီယာမှူးကြီးများ၊ စီမံကိန်း အင်ဂျင်နီယာမှူးကြီးများ အနေဖြင့် အောက်ခြေအဆင့်ဆင့်ရှိ အင်ဂျင်နီယာဝန်ထမ်းများအားလည်း တာဝန်ပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ၊ ငွေစာရင်းပိုင်းဆိုင်ရာတို့ကို အသေးစိတ် စိစစ်ပြီး ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအတိုင်း လိုအပ်သလို ညွှန်ကြားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများက မိမိတို့ ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေ၊ ရန်ပုံငွေရရှိသုံးစွဲမှု အခြေအနေ၊ စက် ယန္တရားနှင့်စက်သုံးဆီ ရရှိသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကြီး၊ မငယ်(ဟောင်ကောင်)ကိုယ်စား မရမ်းကုန်းမြို့နယ် ၁၀ ရပ်ကွက် ကမ္ဘာအေး ကန်ရိပ်သာနေ ဒေါ်စန်းနွဲ့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

တောရိုင်းငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေ လေ့လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အစီအစဉ်အရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သည့် တောရိုင်းငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်း (The Training Workshop on HPAI Surveillance in Wildbirds) ဖွင့်ပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီတွင် အင်းစိန်မြို့ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Mr. Tang Zhengping တို့ တက်ရောက်အမှာစကား ပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းတွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံးမှ တောရိုင်းငှက်ကျွမ်းကျင်သူ ပညာရှင် Dr. Boripat နှင့် Dr. Rattapan၊ ဥရောပ ဘုံဈေးအဖွဲ့မှ ရောဂါစူးစမ်းရှာဖွေရေး ကျွမ်းကျင်သူ ပညာရှင် Dr. Alessandro Cristalli၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အကြီးတန်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Masao Sasaki ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံ ငှက်ဝါသနာရှင်များ အသင်းမှ ပညာရှင်များက တောရိုင်းငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေးဆိုင်ရာများကို ဇွန် ၂၀ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲ သင်တန်းသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ ငှက်ဝါသနာရှင်များအသင်း၊ ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့တို့မှ သင်တန်းသား၊ သင်တန်းသူ ၂၄ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးညီညီနှင့် သား ဗိုလ်ကြီးသူရညီတို့အား ရည်စူး၍ သဘော်ကျင်းလမ်း ယမုံနာအိမ်ရာ ဒေါပုံမြို့နယ် ရန်ကုန်မြို့မှ ဒေါ်ခင်ခင်စိန် ၇၀ ပြည့်မွေးနေ့နှင့် သား၊ သမီး၊ မြေးမြိသားစုက အလှူငွေကျပ် ၂၈၄၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် စံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းထံ နေ့ချင်းပြီး ဆောင်ရွက်ပြီးစီးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ဒလမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေး အခြေခံသင်တန်း အမှတ်(၂၂) သင်တန်းဆင်းပွဲတွင် မှော်စက်ရပ်ကွက်မှ သင်တန်းသူ မနွယ်နီစိုးအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း သင်တန်းထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (၁၇)

အခြေခံပညာ အလယ်တန်းပြဆရာများ သင်ကြားရေးမွမ်းမံသင်တန်း

မိမိရီ(အင်းစိန်)

ယခုနှစ် နွေရာသီကျောင်းပိတ်ရက်မှာ ကျွန်မအဖို့ ထူးခြားလှပါသည်။ ကျောင်းတွင် အတန်းတင်စာမေးပွဲပြီး၍ အမှတ်ခြစ်ပြီးသည်နှင့် သကြ်န်ရက်များသာ အနားယူလိုက်ရပြီး မေလဆန်းသည်နှင့် အဖြူအစိမ်း မချွတ်တမ်း ပြန်ဝတ်ရပါသည်။ မေ ၃ ရက်မှ မေ ၂၉ ရက်အထိ ခရိုင်ရုံးစိုက်ရာ အင်းစိန်မြို့နယ်၊ အောင်ဆန်းအထက(၃)၌ ဖွင့်လှစ်သော အခြေခံပညာ အလယ်တန်းပြဆရာများ သင်ကြားရေး မွမ်းမံသင်တန်းကျောင်းသို့ ကျွန်မတို့ကျောင်းမှ ဆရာ၊ ဆရာမ ခြောက်ဦးအနက် တစ်ဦးအပါအဝင် တက်ရောက်ခွင့် ရခဲ့ပါသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်မှ သင်တန်းသားဆရာ၊ ဆရာမများ ၇၇၉ဦး တက်ရောက်ခဲ့ပါသည်။ တိုင်းရင်းသားပေါင်းစုံ တွေ့ဆုံရ၍ ပြည်ထောင်စုစိတ်ဓာတ် တိုးပွားရင့်သန်လာရင်း တစ်ဦးနှင့်တစ်ဦး ညီအစ်ကို၊ ညီအစ်မ အရင်းအချာများသဖွယ် အပြန်အလှန် စောင့်ရှောက်မှုများကို မြင်တွေ့ရသည်မှာ စိတ်ကြည်နူးဖွယ် ဖြစ်ရပါသည်။

ယနေ့နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး ဆိုသည့် ပညာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်ချမှတ်ပြီး ပညာရေး ပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်လျော်ညီစွာ စနစ်တကျ စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းသည် ကျွန်မတို့ ပညာရေးဝန်ထမ်းများအား မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ ဆရာများမွမ်းမံဆင့်ပွား သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် သိသာပေါ်လွင်နေပြီ ဖြစ်ပါသည်။

ဤကဲ့သို့ ကျွန်မတို့ သင်ကြားရေး မွမ်းမံရေးသင်တန်းများ ဖွင့်လှစ်နိုင်ခြင်းမှာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ခရိုင်ပညာရေးမှူးနှင့် ဗဟိုအဆင့်တွင် တက်ရောက်သင်ယူထားပြီး ဆင့်ပွားလေ့ကျင့် သင်ကြားပေးကြသော ဆရာ၊ ဆရာမများ၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဆိုလျှင် မှားမည်မဟုတ်ပါ။ ကျွန်မတို့ သင်တန်းသား ဆရာ၊ ဆရာမများအား ခရိုင်ပညာရေးမှူး ဆရာကြီး ဦးမျိုးဆွေနှင့် သင်တန်းမှူးဆရာကြီး ဦးတင်မောင်အေး အပါအဝင် သင်ကြားပေးသူ နည်းပြဆရာ၊ ဆရာမ ကိုးဦး ရှိပါသည်။ ဆရာများသည်လည်း အားလပ်ချိန်မရှိ သင်ကြားပေးရပြီး ရက်သတ္တတစ်ပတ်လျှင် ခြောက်ရက်၊ ထမင်းစားချိန် တစ်နာရီခွင့်ပေးသည်မှအပ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီ မိနစ် ၂၀ အထိ သင်ကြားပို့ချကြသည်။

အဓိကဘာသာရပ်များနှင့် တွဲဖက်သင်ရိုး ဘာသာရပ်တစ်ခုစီယူကြ၍ ဂီတခန်းကလည်း တီးကြ၊ မှုတ်ကြ၊ တိုက်ကြီးမြို့နယ်၊ ဘောလယ် အလယ်တန်းကျောင်းမှကျောင်းအုပ်ဆရာကြီးဦးလှသိန်းဦးဆောင်ပြီးအဖွဲ့လိုက်ကကြ၊ ပန်းချီဘာသာတွဲဆရာများကလည်း အေးဆေးငြိမ်သက်စွာ ပန်းချီဆွဲကြ၊ သင်တန်းကျောင်းရှေ့ မြက်ခင်းပြင်တွင်လည်း ကာယတွဲယူထားသည့် ဆရာ၊ ဆရာမများက ကာယလေ့ကျင့်ခန်းပြုလုပ်ကြ၊ စက်မှုလက်မှုအခန်းတွင်လည်း ခြင်းလုံး၊ ဘောလုံးများနှင့် အခြားတီထွင်မှုဆိုင်ရာ ပစ္စည်းများပြုလုပ်ကြ၊ စိုက်ပျိုးရေးယူသူ ဆရာ၊ ဆရာမများကလည်း မြေပေါင်တူးကြ၊ သစ်ပင်စိုက်ပျိုးကြ၊ အိမ်တွင်းမှုဘာသာတွဲယူသူ ဆရာ၊ ဆရာမများကလည်း အချုပ်အလုပ်၊ ဇာထိုးပန်းထိုးပြုလုပ်ကြနှင့် အားလုံး၏ မျက်နှာ ရွှင်လန်းတက်ကြွနေပါသည်။ မိမိယူထားသော တွဲဖက်ဘာသာအပေါ်၌ စိတ်ဝင်စားစွာ ပြုလုပ်လေ့ကျင့်နေကြပါသည်။

မွန်းလွဲ ၁ နာရီတွင် ကျွန်မတို့ ကျောင်းခန်းမထဲသို့ နေရာယူကြပြီး ဆရာကြီး ဦးမျိုးဆွေနှင့် သင်တန်းမှူးဆရာကြီး ဦးတင်မောင်အေးတို့၏ ပညာရည်မြင့်မားရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ပညာရေးသဘောတရားများ၊ ဆရာမ ဒေါ်ခင်မာအေး၏ ပညာရေးစိတ်ပညာဘာသာရပ်များ သင်ကြားဟောပြောမှုကို နာယူမှတ်သားရပါသည်။ ကျွန်မတို့ သင်တန်းသူများသည် ဆရာမဒေါ်ခင်မာအေး အချိန်တွင် တစ်ယောက်တစ်လှည့်စီထွက်၍ ဆွေးနွေးကြရပါသည်။

အင်းစိန် အထက(၅)မှ ဆရာမ ဒေါ်စန်းမြင့်က ဆွေးနွေးရာတွင် ကျောင်းသူလေးတစ်ဦးသည် မိဘစီးပွားရေးအခက်အခဲကြောင့် ရှစ်တန်းတွင် ကျောင်းခေတ္တရပ်လိုက်ရကြောင်း၊ သို့သော် သူမစိတ်ထဲတွင် ရှစ်တန်းမှာတင် မရပ်ဘဲ တစ်သက်လုံး အဖြူအစိမ်းဝတ်ရသည့် ကျောင်းဆရာမဘဝ ဖြစ်နိုင်အောင် ကြိုးစားမည်ဟု ကြုံးဝါးခဲ့၍ သူငယ်ချင်းတစ်စု၏ လှောင်ပြောင်မှုများကိုလည်း ခံခဲ့ရကြောင်း၊ သို့သော် ဆရာမများ၏အားပေးမှု၊ အားလပ်ချိန်တွင် အလကားမနေဘဲ စာပေလေ့လာလိုက်စားမှုတို့ကြောင့် ဆရာဇော်ဂျီ၏ (ဗေဒါလမ်း) ကဗျာလေး ဖတ်မိရာက မိသားစု စားဝတ်နေရေးအတွက် ပန်းရောင်းနေရသော်လည်း မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကြိုးစားလိုက်သောအခါ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ဘွဲ့ရရှိကာ ယခုဆိုလျှင် ထိုအဖြူအစိမ်း အမြဲဝတ်လိုသော ကျောင်းသူလေးသည် အလယ်တန်းပြ ကျောင်းဆရာမလေးတစ်ဦးပင် ဖြစ်နေပြီဖြစ်ကြောင်း ပြောပြရာ ကျွန်မတို့အားလုံး လွန်စွာ စိတ်ဝင်စားသွားပါသည်။

လောကခံကို ကြံ့ကြံ့ခံကာ မဆုတ်မနစ်ကြိုးပမ်းခဲ့သော အဆိုပါကျောင်းဆရာမကို စိတ်ဝင်စားနေစဉ်မှာပင် ယင်းကျောင်းသူလေးမှာ သူမပင်ဖြစ်ပါကြောင်း ပြောလိုက်သောအခါ ခန်းမတစ်ခုလုံးလက်ခုပ်သံများ ဝေလျှံထွက်သွားပါသည်။ ဆရာမသည် ဘဝ၏အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရင်း ရုန်းကန်လှုပ်ရှားမှုများကို ပြောပြချိန်၌ ပင့်သက်ရှူဖို့ပင် မေ့နေကြသည့် သင်တန်းသားများသည် နောက်ဆုံး၌ “သူပါပဲ”ဟု ပြောလိုက်သောအခါ အားလုံးမှာ ဝမ်းနည်းဝမ်းသာ ပီတိမျက်ရည် ဖြာရပါတော့သည်။ ဆရာမ၏အားမာန်၊ ဆရာမ၏စေတနာသည် နယ်နယ်ရရ မဟုတ်ပါ။ သာမန်ဆရာများ မလုပ်နိုင်သည့် မိမိကိုယ်ပိုင် ငွေကြေးစိုက်ထုတ်ပြီး ချို့တဲ့ကလေးများအား ယခုအခါ ပညာဒါနပြုနေသည့် ပညာဒါနကျောင်း နှစ်ကျောင်းပင် ဖွင့်လှစ်နိုင်ပြီဖြစ်သော စေတနာရှင်၊ မေတ္တာရှင်ဆရာမဖြစ်နေ၍လည်း ပို၍ဝမ်းသာပီတိ ဖြစ်မိပါသည်။

ကျွန်မလည်း ခေါင်းစဉ်ကြီး သုံးခုဖြင့် သုံးကြိမ်တိုင်အောင် ပါဝင်ဆွေးနွေးခဲ့ရာ **“လူတိုင်းအတွက် အကျိုးဝင်ပညာရေး”**ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုသည် သင်တန်းများအပေါ် အတော်လေး ထိရောက်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံသားတိုင်း အခြေခံပညာတတ်မြောက်ရေးနှင့် ပတ်သက်ပြီး လူတိုင်းအတွက် ပညာရေးစီမံကိန်း (Education for all project)ကြီးကို အကောင်အထည်ဖော်ရာ၌ ပညာရေး၏ လက်ရုံးနှစ်ဖက်ဖြစ်သော ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ လုပ်ငန်းများကို ချိတ်ဆက်မိပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးနှင့် ကျောင်းနေအရွယ်လွန် နိုင်ငံသားတိုင်းလည်း သက်ကြီးစာတတ်မြောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခဲ့၍ မြန်မာနိုင်ငံတွင် ရာနှုန်းပြည့်နီးပါး စာတတ်မြောက်လာခဲ့ပြီ ဖြစ်ပါကြောင်း။

တရားဥပဒေ ချိုးဖောက်၍ နိုင်ငံတော်မှချမှတ်သည့် ပြစ်ဒဏ်ကျခံနေရသူများသော်မှ စာမတတ်သူများအား အကျဉ်းထောင်အတွင်းမှာပင် စာသင်ကြားနေပြီ ဖြစ်ကြောင်း၊ ပညာမတတ်၍ ဉာဏ်ပညာဗဟုသုတနည်းပါးခြင်းကြောင့် ဆင်ခြင်တုံတရားမရှိဘဲ ဥပဒေချိုးဖောက်ပြစ်မှုကျူးလွန်ခြင်း မရှိအောင်၊ နည်းပါးအောင်၊ ပြုပြင်နိုင်အောင် ရည်ရွယ်၍ တစ်နည်းပြောရလျှင် အကျဉ်းကျသူများသည်လည်း မိမိတို့နိုင်ငံသားများပင်ဖြစ်၍ ပညာရေးသည် လူတိုင်းအတွက် အကျိုးဝင်ကြောင်းကို သက်သေပြလို၍ သင်ကြားရခြင်းပင်ဖြစ်ကြောင်း၊ ပြစ်ဒဏ်ကျခံရသူမိခင်များမှာ ထောင်တွင်းမှာပင် မွေးဖွားလာသော ကလေးများကိုလည်း ငါးနှစ်ပြည့်သည်နှင့် အကျဉ်းထောင်အတွင်းမှာပင် အဖြူအစိမ်း တူညီဝတ်စုံများဖြင့် စာသင်ပေးကြကြောင်း ဆွေးနွေးတင်ပြခဲ့သဖြင့် သင်တန်းသားဆရာများ၏ မျက်နှာပြင်များပေါ်မှ အံ့သြဝမ်းသာ ကျေနပ်အပြုံးများကို မြင်တွေ့လိုက်ရပါသည်။

ဆင်းရဲနွမ်းပါး၍ ပညာသင်ချင်ပါလျက် မသင်လိုက်ကြသူများ မဖြစ်ရလေအောင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဒမ္မဇောတိက ဘဒ္ဒန္တပညာသာရ၏ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဖွင့်လှစ်ထားပြီး ပညာသင်ကြားမှုကိုလည်း သင်တန်းသားများအား ပြောပြခွင့်ရခဲ့ပါသည်။

ဆရာမ ဒေါ်အိအိလွင်၊ ဒေါ်လဲ့လဲ့ဆွေ၊ ဒေါ်ဥမ္မာဦးတို့၏ ဆွေးနွေးမှုများသည်လည်း အတွေ့အကြုံသစ်၊ ဗဟုသုတသစ်တို့ကို ရရှိစေသည်။ ပညာသင်စဉ် လေ့လျော်ရင်း တက်ကျိုးသူများ မဖြစ်ရလေအောင် ဆရာတို့၏ စေတနာထား ဆုံးမပဲ့ပြင်ထိန်းကျောင်းမှုများ၊ ဆရာဆိုသည်မှာ ပညာသင်ပေးရုံမက ဘဝလမ်းကြောင်း တိမ်းစောင်းသွားလျှင်လည်း ပြန်လည်တည့်မတ်ပေးနိုင်စွမ်းရှိသည့် အရည်အချင်း ပြည့်ဝသော ဆရာများအဖြစ်နှင့် တပည့်တို့အပေါ် လက်မတင်လေး ကယ်တင်နိုင်ခဲ့ပုံများ စသည်တို့ကိုလည်း သည်းထိတ်ရင်ဖိုစွာ နားထောင်ခဲ့ရသည်။

လူတိုင်းအတွက် ပညာရေးအစီအစဉ်သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့ပြီး နှစ် ၃၀ နှစ်ရှည်ပညာရေးစီမံကိန်းလုပ်ငန်းစဉ်များ၌ နိုင်ငံသားတိုင်းအခြေခံပညာ အဆင့်အလိုက်သင်ယူအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးအတွက် ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစတင်ကာ မေလနောက်ဆုံးပတ်တိုင်း နှစ်စဉ်ကျောင်းအပ်နိုင်ရေး လုပ်ငန်းစဉ် ချမှတ် ဆောင်ရွက်ခဲ့ပါသည်။ ထိုစီမံချက်တွင် အဓိကပါဝင်လှုပ်ရှားသူများဖြစ်ကြသော ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ NGO ကျောင်းအကျိုးဆောင်အဖွဲ့၊ ပညာရေးကိုစိတ်ဝင်စားသော စေတနာရှင်ပြည်သူများ စသည်ဖြင့် အမျိုးသားရေးအင်အားစုများ၏ ကူညီပံ့ပိုးမှုအခန်းကဏ္ဍသည် အရေးပါအရာရောက်လှပေသည်။

ကျောင်းသူ၊ ကျောင်းသားများ အဆင်ပြေချောမွေ့အေးချမ်းစွာ ကျောင်းနေနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာငါးခုလျှင် အနည်းဆုံး အခြေခံပညာ ကျောင်းသုံးကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကျောင်းများတွင် သင်ကြားပေးသောဆရာသည် မိမိကိုယ်ကို ပဲ့ကိုင်သူ ကလေးများ၏ သင်ယူမှုအား ကူညီဖန်တီးပေးသူအဖြစ်သာ သဘောထားရမည်ဖြစ်ပြီး သင်ယူသူကလေးများအနေဖြင့်လည်း ဆရာ၏ ကလေးဗဟိုပြု ချဉ်းကပ်နည်းဖြင့် သင်ကြားခြင်းခံရ၍ ကိုယ်တိုင် စူးစမ်းလေ့လာလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်သာမက လက်တွေ့ဘဝတွင် အသုံးချနိုင်မှုတို့ကိုပါ အကျိုးများ ရရှိစေပါသည်။

အကြောင်းအရာ၊ ဘာသာရပ်၊ အချက်အလက်များကို သင်ယူလေ့လာခြင်းသာမက သင်ယူသူတွင် အပြုအမူ တိုးတက်ပြောင်းလဲလာမှုအား သင်ယူခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုပါလျှင် ကျွန်မတို့တက်ရောက်ခဲ့သော အခြေခံပညာအလယ်တန်းပြဆရာများ သင်ကြားရေးမွမ်းမံသင်တန်း အင်းစိန်မြို့နယ် ၂၀၀၇သည် သင်ယူပြီးမြောက်မှုနှုန်း ရာနှုန်းပြည့် အောင်မြင်သည်ဟု ဆိုရပါမည်။ မေ ၂၈ရက်နေ့တွင် စာမေးပွဲဖြေဆိုကြရပြီး မေ ၂၉ ရက်နေ့တွင် သင်တန်းဆင်းပွဲကို ကျင်းပရာ ခရိုင်ပညာရေးမှူး ဆရာကြီး ဦးမျိုးဆွေက သင်တန်းဆင်းဆရာ၊ ဆရာမများအား မှာကြားချက်များသည်လည်း လွန်စွာတန်ဖိုးထား လိုက်နာစရာကောင်းလှပါသည်။

ပညာရေးဝန်ထမ်း ကျွန်မတို့သည် ကျောင်းသူ၊ ကျောင်းသား ကလေးငယ်များအတွက် ပညာသင်ယူမှု အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းနေသည့် အချိန်အခါကောင်းတွင် မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်က ယုံကြည်စွာ အားကိုးအားထားပြုရသည့် ထူးချွန်ထက်မြက်၍ ပညာရည်မြင့်မားသော လူချွန်လူမွန်များအဖြစ် ၂၁ ရာစု ပညာခေတ်၏ စိန်ခေါ်မှုကို အောင်မြင်စွာ အန်တုနိုင်ရန် သမိုင်းပေးတာဝန်ကျေပွန်စွာ လေ့ကျင့်ပျိုးထောင်ပေးရမည့် ပန်းပျိုးသူ၊ ပန်းစိုက်သမားတို့၏လက်များသည် သင်တန်းအတွေ့အကြုံအရ ငြိမ်းချမ်းစွာ ပညာသင်ကြားရင်း ထာဝစဉ်သန့်ရှင်း၊ လှပ၊ စည်းစနစ်ရှိနေရမည်သာ ဖြစ်ပါတော့သည်။ ။

ကျောင်းများတွင် သင်ကြားပေးသောဆရာသည် မိမိကိုယ်ကို ပဲ့ကိုင်သူ၊ ကလေးများ၏ သင်ယူမှုအား ကူညီဖန်တီးပေးသူအဖြစ်သာ သဘောထားရမည်ဖြစ်ပြီး သင်ယူသူ ကလေးများအနေဖြင့်လည်း ဆရာ၏ ကလေးဗဟိုပြု ချဉ်းကပ်နည်းဖြင့် သင်ကြားခြင်းခံရ၍ ကိုယ်တိုင်စူးစမ်း လေ့လာလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်သာမက လက်တွေ့ဘဝတွင် အသုံးချမှုတို့ကိုပါ အကျိုးများ ရရှိစေပါသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ရေချိုးအိမ်တစ်လုံးတွင် ဘွိုင်လာပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အဆောက်အအုံကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနှင့် အိန္ဒိယ ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဇွန် ၁၉

အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့သည် သီးသန့်စီးပွားရေးဇုန် ပူးပေါင်းဆောင်ရွက်ရေး၊ နေရောင်ခြည်၊ လေ၊ ရေစသည်တို့မှ စွမ်းအင်ထုတ်ယူရေးနှင့် အပြန်အလှန် အကူအညီပေးရေး အပါအဝင် ကဏ္ဍသစ်အမျိုးမျိုး၌ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန် တနင်္လာနေ့က သဘောတူညီလိုက်ကြသည်။

ဂျကာတာမြို့ရှိ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံ၌ ဇွန် ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် တတိယအကြိမ် ဝန်ကြီးအဆင့် ပူးတွဲကော်မရှင် အစည်းအဝေးအပြီးတွင် အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီးဟာဆန်ဝီရာယုဒနှင့် အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးပရာနတ်မူခါဂျီတို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပူးတွဲကော်မရှင် အစည်းအဝေးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ် အဖွဲ့များသည် ကဏ္ဍအားလုံး၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ရှာဖွေဖော်ထုတ်ရန်နှင့် မြှင့်တင်ပေးရန် ဆွေးနွေးခဲ့ကြပြီး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း ဝီရာယုဒ၏ ပြောကြားချက်ကို ကိုးကားလျက် အန်တာရာသတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေးနယ်ပယ်ရှိ ထူးခြားသည့် လက္ခဏာများကို မိမိတို့ သဘောပေါက်ထားပြီးဖြစ်ကြောင်း၊ လွန်ခဲ့သည့် ရာစုနှစ်ပေါင်းများစွာကတည်းက နှစ်နိုင်ငံဆက်ဆံမှု တည်ရှိခဲ့ပြီးဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

ပူးတွဲကော်မရှင် အစည်းအဝေး၏ အကျိုးရလဒ်မှာ နှစ်နိုင်ငံပြည်သူများ၏ အကျိုးအမြတ်အတွက် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တည်ရှိစေမည် ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုအတွက် ခိုင်မြဲသည့် အခြေခံစနစ်ကို ချမှတ်ပေးနိုင်မည်ဟု နှစ်နိုင်ငံအစိုးရများက ယုံကြည်ကြကြောင်း ၎င်းက အလေးထားပြောကြားသည်။

အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေးမှာ ၂၀၀၅ ခုနှစ်နောက်ပိုင်းတွင် သိသာထင်ရှားစွာ တိုးတက်လာခဲ့ကြောင်းမူခါဂျီကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထိုင်းတောင်ပိုင်းမှ ကျောင်းများပိတ်ရန် ဝန်ကြီးချုပ် အမိန့်ထုတ်

ဗန်ကောက် ဇွန် ၁၉

အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့် ထိုင်းနိုင်ငံ တောင်ပိုင်းဒေသများမှ စာသင်ကျောင်းများ ပိတ်ထားရန်နှင့် လုံခြုံရေး အခြေအနေကြောင့် ၎င်းကျောင်းသားများကို အခြားကျောင်းများသို့ ရွှေ့ပြောင်းထားရန် ဝန်ကြီးချုပ် ဆူရာယွတ်ချူလာနွန်က တနင်္လာနေ့တွင် အမိန့်ထုတ်ပြန်သည်။ ယာလာပြည်နယ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဗုံးပေါက်ကွဲမှုကြောင့် ၁၄ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပြီးနောက် ဖော်ပြပါ အမိန့်ထွက်ပေါ်လာခြင်း ဖြစ်သည်။အဆိုပါဗုံးသည်ဘန်နန်ဆာတာခရိုင်ရှိ စာသင်ကျောင်းအနီးလက်ဖက်ရည်ဆိုင်တွင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ထိုင်းဝန်ကြီးချုပ် ချူလာနွန်သည် ယင်းကိစ္စနှင့်ပတ်သက်၍ပြည်တွင်းလုံခြုံရေးစစ်ဆင်ရေးလုပ်ငန်းများ ဌာနချုပ်တွင် ဆွေးနွေးခဲ့ပြီးနောက် အမိန့်ထုတ်ပြန်ခဲ့သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကျောင်းသားများအနေဖြင့် လုံခြုံရေးကောင်းမွန်သည့်ကျောင်းများသို့ရွှေ့ပြောင်းရမည်ဟု ထိုင်းသတင်းဌာနက ဝန်ကြီးချုပ်၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အာဖဂန်တွင် လေကြောင်းမှတိုက်ခိုက် ကလေးခုနစ်ဦး သေဆုံး

ကဘူး ဇွန် ၁၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပတ်တီကာပြည်နယ်တွင် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်သဖြင့် ကလေးခုနစ်ဦး သေဆုံးခဲ့ကြောင်း အပေါင်းပါတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အာဖဂန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ဇာရူးခရိုင်မှ ခြံဝိုင်းတစ်ခုကို တနင်္ဂနွေနေ့ ညပိုင်းက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု ကြေညာချက်အရ သိရှိရသည်။ အဆိုပါ ခြံဝိုင်းကို အယ်လ်ခိုင်ဒါ စစ်သွေးကြွများ ပုန်းအောင်းသည့် နေရာဟု သက်သေမကင်းဖြစ်ခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် အီရတ်မြောက်ပိုင်းတို့တွင် ဇွန် ၁၆ ရက်ကဖြစ်ပွားသော တိုက်ခိုက်မှုနှစ်ခု၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး၍ တစ်ဦးဒဏ်ရာရရှိကြောင်း ကန်စစ်ဘက်က ထုတ်ပြန်ကြေညာသည်။

အီရတ်မြို့တော် ဘဂ္ဂဒက်၌ ကင်းလှည့်နေသော စစ်ယာဉ်တစ်စီးအနီး လမ်းဘေးဗုံးပေါက်ကွဲပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသည်။ ဒဏ်ရာရရှိသွားသော တပ်ဖွဲ့ဝင်ကိုမူ ဆေးဝါးကုသမှုပေးနိုင်ရန် စစ်ဘက်ဆေးရုံသို့ ပို့ခဲ့သည်။

တတိယသေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်မှာ ကယ်ကွတ်မြို့၌ ကင်းလှည့်နေစဉ် ဗုံးခွဲခံရသည့် ဒဏ်ရာဖြင့် သေဆုံးရခြင်းဖြစ်သည်။ ကယ်ကွတ်မြို့သည် ဘဂ္ဂဒက်မြို့၏မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာတွင် တည်ရှိသည်။

အမေရိကန်တို့ဦးဆောင်သော အီရတ်စစ်ပွဲ စတင်သည့် ၂၀၀၃ ခုနှစ် မတ်လမှစ၍ ယနေ့အထိ အီရတ်၌ အသက်ဆုံးရှုံးရသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၃၅၂၅ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်များကို ကိုးကား၍ မီဒီယာများက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အပျော်စီးသင်္ဘော ရေပေါ်ဟိုတယ်ဖြစ်လာမည်

ဒူဘိုင်း ဇွန် ၁၉

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့ရှိ ကျွန်းတုတစ်ခုသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရေး ဆွဲဆောင်နိုင်ရန် နိုင်ငံပိုင်ကုမ္ပဏီတစ်ခုက ကွင်းအဲလီဇဘက်-၂ သင်္ဘောကို အမေရိကန်ဒေါ်လာ သန်း၁၀၀ ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း၊ အဆိုပါ သင်္ဘောကို ရေပေါ်ဟိုတယ်နှင့် ပြတိုက်အဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဇွန် ၁၈ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။ ကွင်းအဲလီဇဘက်-၂ သင်္ဘောကို အပျော်စီးသင်္ဘောကုမ္ပဏီကာနီဗယ်လ်က ပိုင်ဆိုင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နီကာရာဂွာ ရဲတပ်ဖွဲ့ ဘိန်းဖြူဖမ်းမိ

မနာဂွာ ဇွန် ၁၉

နီကာရာဂွာနိုင်ငံ တောင်ပိုင်းတွင် ရှူးဖိနပ်အတွင်း ဘိန်းဖြူ ၂ ဒသမ ၅ ကီလို သယ်ဆောင်လာမှုဖြင့် နီကာရာဂွာနိုင်ငံသားတစ်ဦးနှင့် ဂွာတီမာလာနိုင်ငံသားတစ်ဦးတို့ကို နီကာရာဂွာရဲတပ်ဖွဲ့က ဇွန် ၁၇ ရက်တွင် ဖမ်းဆီးလိုက်သည်။ အဆိုပါ လူနှစ်ဦးသည် နယ်စပ်ဒေသမှတစ်ဆင့် နီကာရာဂွာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း၊ နီကာရာဂွာတွင် ဘိန်းဖြူဈေးကွက် မရှိသဖြင့် ယင်းဘိန်းဖြူကို ဂွာတီမာလာနိုင်ငံသို့ ဆက်လက်သယ်ဆောင်မည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နှင့်ဂျော်ဒန် လုပ်ငန်းရှင်များ ကားစက်ရုံ ပူးတွဲ တည်ထောင်မည်

အာမန် ဇွန် ၂၀

တရုတ်နိုင်ငံ ယီဘောဇောင်ဇင်မော်တော်ကားလုပ်ငန်းနှင့် ဂျော်ဒန်နိုင်ငံ အေရက်စ်မော်တော်ကားလုပ်ငန်းတို့သည် ဂျော်ဒန်နိုင်ငံ၌ မော်တော်ကား တပ်ဆင်ထုတ်လုပ်ရေးစက်ရုံကို ပူးတွဲတည်ထောင်ရန်ဇွန်၁၉ရက်ကလက်မှတ်ရေးထိုးခဲ့ကြသည်။

ကနဦးရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာသန်း၃၀ဖြင့် လုပ်ငန်း စတင်တည်ထောင်မည်ဖြစ်ပြီး ၂၀၀၈ခုနှစ်တွင် မော်တော်ကားများ စတင် ထုတ်လုပ်သွားရန် စီစဉ်ထားသည်။

စက်ရုံလည်ပတ်စအချိန်တွင် ထုတ်လုပ်မှုသည် ကားစီးရေ ၄၀၀၀မှ ၆၂၅၀အတွင်းရှိမည်ဖြစ်သော်လည်း နောက်ပိုင်းတွင်ကားစီးရေ ၁၂၀၀၀ မှ ၂၄၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အာရက်စ်ကုမ္ပဏီအကြီးအကဲ မာဇင်အာရက်စ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ဟောင်ကောင်မြို့ ဂရေဟမ်လမ်းရှိ ရှေးမူမပျက် တည်ရှိနေသော ကုန်စိမ်းဈေးကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘယ်လ်ဂျီယံနိုင်ငံ ဝါတာလူးမြို့၌ ပြင်သစ်ဧကရာဇ် နပိုလီယံနောက်ဆုံးဆင်နွှဲခဲ့သည့် နာမည်ကြီးစစ်ပွဲကို ပြန်လည်၍ သရုပ်ဖော် တင်ဆက်နေသူများကို ဇွန် ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယအရှေ့ပိုင်းတွင် ရေလွှမ်းမိုး၊ ၁၆ ဦးထက်မနည်း သေဆုံး

ကိုးလ်ကတ္တား(အိန္ဒိယ) ဇွန် ၁၉

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းတွင် မုတ်သုံမိုး ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုဖြစ်ပွားခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကြောင့် ၁၆ ဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

အနောက်ဘင်္ဂလားပြည်နယ်တွင် မိုးကြိုးပစ်သဖြင့် အမျိုးသမီးလေးဦးနှင့် ကလေးနှစ်ဦး အပါအဝင် ၁၀ ဦး သေဆုံးခဲ့သည်ဟု တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

ဘီဟာပြည်နယ်တွင် စိုက်ပျိုးခင်းများနှင့် ကျေးရွာများ ရေလွှမ်းမိုးသဖြင့် ပျက်စီးခဲ့ပြီး ခြောက်ဦး ရေနစ်သေဆုံးခဲ့သည်ဟု အထက်တန်း တာဝန်ရှိ ပုဂ္ဂိုလ်ကူးမားက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ဗြိတိန်တွင် ကလေး ၁၀ဦးလျှင် တစ်ဦးသည် ဆင်းရဲသည့် ဘဝအခြေအနေ၌ ရပ်တည်နေရ

လန်ဒန် ဇွန် ၁၉

ဗြိတိန်နိုင်ငံရှိ ကလေး ၁၀ ဦးလျှင် တစ်ဦးသည် အလွန်ဆင်းရဲမွဲတေသော အခြေအနေ၌ နေထိုင်ရကြောင်း ကလေးများကို ကယ်တင်ရေးဟူသည့်အသင်း၏ ဇွန် ၁၉ ရက်ထုတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုကလေးများ၏ မိသားစုများသည် တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ဝင်ငွေပေါင် ၇၀၀၀ နှုန်းဖြင့်သာ ချို့ချို့တဲ့တဲ့ ရပ်တည်ကြရသည်ဟု ဆိုသည်။ ချမ်းသာသော နိုင်ငံတစ်နိုင်ငံ၌ ယင်းကဲ့သို့သော ချို့ငဲ့သည့် အခြေအနေများတည်ရှိသည်ဟူသော အချက်သည် ရှက်ဖွယ်အခြေအနေပင် ဖြစ်သည်။

ဝင်ငွေနည်းပါးသည့်အတွက် ကလေးများမှာ ဆင်းဆင်းရဲရဲနေကြရသည်။ အခြေခံလိုအပ်ချက်များ မပြည့်မစုံဖြင့် ဘဝရပ်တည်ကြရသည်။ ပညာရေး အခက်အခဲတွေ့နေရကြောင်း အစီရင်ခံစာတွင် တင်ပြထားသည်။ ယင်းအစီရင်ခံစာ၌ ဖော်ပြထားသော စံနှုန်းများကို ဗြိတိသျှ အစိုးရက မှန်ကန်မှုမရှိဟု စွပ်စွဲပြောဆိုပြီး ထိုဖော်ပြချက်များကြောင့် အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဝေဖန်ထားသည်။

လန်ဒန်ရှိ ဆင်းရဲနွမ်းပါးသော ကလေးများ၏ အခြေအနေမှာ အဆိုးရွားဆုံးဖြစ်ပြီး မိသားစုခြောက်စုလျှင် တစ်စုမှာ ဆင်းရဲမွဲတေသော အခြေအနေ၌ နေထိုင်နေရသည်ဟု ဆိုသည်။ ထိုဆင်းရဲမှုအခြေအနေများကို ကုစားရန်နှင့် ၂၀၁၀ ပြည့်နှစ်တွင် ဆင်းရဲနွမ်းပါးမှု ထက်ဝက် လျှော့ချရေး ရည်မှန်းချက်များကို ဖြည့်ဆည်းရန် ဗြိတိသျှအစိုးရအနေဖြင့် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းများ၌ ပေါင်ငွေလေးဘီလီယံရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်း ကလေးများကို ကယ်တင်ရေးအဖွဲ့အစည်းက ဝေဖန်တိုက်တွန်းထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဥရောပတိုက်တွင် ပထမဆုံး ဇီဝဒီဇယ်ဆီဖြင့် ပြေးဆွဲမည့်ရထားကို လန်ဒန်မြို့အလယ်ပိုင်း အီစတန်ဘူတာရုံ၌ ဇွန် ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်၏ကျူးကျော်တိုက်ခိုက်မှုကိုတွန်းလှန်ရန် ကာကွယ်ရေးစွမ်းပကား ကျူးဘားမြှင့်တင်မည်

ဟာဗားနား ဇွန် ၁၉

ကျူးဘားနိုင်ငံသည် အမေရိကန်နိုင်ငံ၏ ကျူးကျော်တိုက်ခိုက်မှုမှ တွန်းလှန်နိုင်ရန် ကာကွယ်ရေးစွမ်းပကားကို ဆက်လက် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ကျူးဘားပြည်သူများသည် နိုင်ငံတော်၏ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အသင့် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ကွန်မြူနစ်ပါတီ၏ ဂရန်မာ သတင်းစာခေါင်းကြီးပိုင်းမှ တစ်ဆင့် ကျူးဘားခေါင်းဆောင် ဖီဒယ်လ် ကက်စထရို၏ ရေးသားချက်ကို တနင်္လာနေ့က ဖော်ပြသည်။

စောင့်ရှောက်

ကျူးဘားပြည်သူများသည် ဝါဒသဘော တရားရေးရာအရ ရန်ဘက် အမေရိကန်၏ ဘေးအန္တရာယ်မှ ဆိုရှယ်လစ်စနစ်ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း ကက်စထရိုက ပြောကြားသည်။ ကျူးဘားနိုင်ငံအား အထီးကျန်ထားရှိရန် နှစ်ပေါင်း ၅၀ကြာမျှ အမေရိကန်ကျင့်သုံးလာသည့် မူဝါဒကို ကက်စထရိုက ရှုတ်ချလိုက်သည်။

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်သည် ကျူးဘားနိုင်ငံအား ကျူးကျော် တိုက်ခိုက်လိုသူဖြစ်ကြောင်း ကက်စထရိုက စွပ်စွဲထားသည်။

ကျူးဘားပြည်သူများ၏ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားများကို မြှင့်တင်ပေးနိုင်ရန် အစိုးရက ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကက်စထရိုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်အရှေ့ပိုင်းတွင် မိန်းကလေးကျောင်း မီးရှို့ခံရ

ကဘူး ဇွန် ၁၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်စ်တီကာပြည်နယ်ရှိ မိန်းကလေးကျောင်းကို အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးကြောင်း ဒေသဆိုင်ရာ အထက်တန်းရဲအရာရှိ ဂူလမ်ဒါဂါ ရူစတမ်ယာက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

ဆရုက်ဒ်ကာရမ်ဒေသတွင် ဇွန် ၁၂ ရက်ညက မိန်းကလေးကျောင်းကို သေနတ်သမားများက တိုက်ခိုက်ကြောင်း၊ စာသင်ခန်းသုံးခန်းနှင့် အခြားပစ္စည်းများကိုမီးရှို့ခဲ့ကြောင်း ရူစတမ်ယာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆာဘားနဂါးလှေပွဲတော် မလေးရှားတွင် ကျင်းပ

ကွာလာလမ်ပူ ဇွန် ၁၉

တရုတ်ရိုးရာပွဲတော်များတွင် ပါဝင်သော နဂါးလှေပွဲတော်ကို ဇွန် ၁၇ ရက်က မလေးရှားနိုင်ငံ၌ ကျင်းပသည်။

မလေးရှားနိုင်ငံ အရှေ့ပိုင်း ဆာဘားပြည်နယ်တွင် ဇွန် ၁၇ရက်က (၂၂)ကြိမ်မြောက် ဆာဘား နဂါးလှေပြိုင်ပွဲ ကျင်းပရာ ပြည်သူ ၂၅၀၀၀ ခန့်ကြည့်ရှုအားပေးခဲ့သည်။ နှစ်စဉ်ကျင်းပသော အဆိုပါပွဲတော်သို့ နိုင်ငံပေါင်း ၃၁နိုင်ငံမှ ယှဉ်ပြိုင်ကြသည်။

ဆာဘားခရီးသွားလုပ်ငန်းမှ ချီးမြှင့်သောဆုကို ရှန်ဂီလာရာ ဆာရီယာ အပန်းဖြေစခန်းအသင်းက ရရှိပြီး ဆာဘား တရုတ်ယဉ်ကျေးမှုအဖွဲ့က တရုတ်အမျိုးသားပြိုင်ပွဲဆုကို ရရှိသွားသည်။ ထို့အပြင် ဆာဘားနဂါးဆုကို အိုရီအန်တယ်လ် ဒေါဖလင်က ရရှိကြောင်း မလေးရှားနိုင်ငံ ဘနားမား သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်အားတိုက်ခိုက်မည်ကို ဆော်ဒီအာရေဗျ မလိုလား

ရီယာ့ဒ် ဇွန် ၁၉

အီရန်နိုင်ငံအား တစ်စုံတစ်ရာ တိုက်ခိုက်မှု ပြုလုပ်နိုင်ရန် ပင်လယ်ကွေ့အာရပ်နိုင်ငံများ၏ ပိုင်နက်နယ်မြေကို အသုံးပြုခွင့် ပေးမည်မဟုတ်ကြောင်း ဆော်ဒီအာရေဗျ ပြည်ထဲရေးဝန်ကြီး မင်းသားနာယက်ဖ်ဘင်အဗ္ဗဒူလ်အဇစ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အကယ်၍ အီရန်နိုင်ငံကို အမေရိကန်က ကျူးကျော်တိုက်ခိုက်ပါက အီရန်အနေဖြင့် အိမ်နီးချင်း ရေနံထွက်သည့် အာရပ်နိုင်ငံများကို တုံ့ပြန်တိုက်ခိုက်ရန် လိုလားမည်မဟုတ်ကြောင်း နာယက်ဖ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မလတ်ဆတ်သည့်အမဲသားကို စားသုံးမိ၍ ၁၄ ဦးထက်မနည်း နာမကျန်းဖြစ်

လော့အိန်ဂျလိစ် ဇွန် ၁၉

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် မလတ်ဆတ်သောအမဲသားစားမိ၍ လူ ၁၄ ဦး ထက်မနည်း နာမကျန်းဖြစ်ကြကြောင်း၊ အဆိုပါ အမဲသားရောင်းချသည့် ကုမ္ပဏီကို ဝေဒနာရှင်များအနက်မှ မိန်းကလေးတစ်ဦး၏ မိသားစုက တရားစွဲရန်ကြိုးပမ်းလျက်ရှိကြောင်း ဇွန် ၁၆ရက်တွင် သတင်းပေးပို့သည်။

မလတ်ဆတ်သည့် အမဲသားစားသုံးခဲ့သဖြင့် ၁၄ဦးထက်မနည်း ဝေဒနာခံစားကြရပြီးနောက် ယခုလအစောပိုင်းတွင် အေးခဲထားသော အမဲသားပေါင် ၅ဒသမ ၇ သန်းကို စားနပ်ရိက္ခာနှင့် ဆေးဝါးအဖွဲ့က ပြန်လည်သိမ်းဆည်းစေခဲ့သည်။

အမဲသားကိုစားသုံးပြီး နာမကျန်းဖြစ်ခဲ့သူများအနက် အသက်လေးနှစ်အရွယ် မိန်းကလေး၏ မိသားစုသည် အမဲသားရောင်းချသည့် ကုမ္ပဏီကိုတရားစွဲဆိုထားကြောင်း၊ ယင်းကုမ္ပဏီသည် ကယ်လီဖိုးနီးယား ပြည်နယ်တောင်ပိုင်း ဗာနွန်မြို့အခြေစိုက်ကုမ္ပဏီဖြစ်ကြောင်း လော့အိန်ဂျလိစ်တိုင်းမ်သတင်းဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ ဆရီနာဂါးဒေသရှိ ကာကွယ်တောအတွင်း ထိန်းသိမ်းထားသော သမင်များကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုကင်းမူးယစ်ဆေးဝါး စပိန်ရဲတပ်ဖွဲ့ ဖမ်းမိ

မဒရစ် ဇွန် ၁၉

ယူရိုသန်း ၂၄၀(အမေရိကန်ဒေါ်လာ ၃၂၂ သန်း)ဖိုးရှိ ကိုကင်းမူးယစ်ဆေးဝါး သယ်ဆောင်လာသည့် မော်တော်ဘုတ်တစ်စင်းကို စပိန်ရဲတပ်ဖွဲ့က အတ္တလန္တိတ်သမုဒ္ဒရာတွင် တနင်္လာနေ့က ဖမ်းဆီးလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကိုကင်းမူးယစ်ဆေးဝါး သယ်ဆောင်လာသည့် ယင်းမော်တော်ဘုတ်ပေါ်ရှိ ခြောက်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ရထား)

စက်ခေါင်းနှင့် အဆင့်မြင့်တွဲများ ပြည်တွင်း၌တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိ ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးကဏ္ဍကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်

နေပြည်တော် ဇွန် ၂၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၈ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမှ ကျောင်းအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်းများမှ အရာရှိများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် ယခင်လ လေးလပတ်အတွင်း လုပ်ငန်းရည်မှန်းချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ တွေ့ကြုံခဲ့ရသော အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး အားသာချက် ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင် ရွက်ရာတွင် လုပ်ငန်းအောင်မြင်အောင်ဆောင်ရွက်ရသလို၊ ပစ္စည်းများ၊ ငွေကြေးများ သုံးစွဲရာတွင်လည်း စနစ်တကျ ဆောင်ရွက်ကြရန်၊ စီမံကိန်းအဟောင်းများကို အမြန်ဆုံးပြီးပြတ်အောင်ဆောင်ရွက်ရသလို နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ရေးတွင် စီမံကိန်းအသစ်များကိုလည်း တိုးချဲ့ဆောင်ရွက်နေရ၍ အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ စက်ခေါင်းနှင့် အဆင့်မြင့်တွဲများ ပြည်တွင်း၌ တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကုန်စည်ပို့ဆောင်ရေးကဏ္ဍနှင့် ခရီးသည်ပို့ဆောင်ရေးကဏ္ဍကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ မိမိတို့ဌာနများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစွာ ဆောင်ရွက်ခြင်းဖြင့် ဂုဏ်ယူလုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရထားလမ်းပိုင်းများ ပိုမိုကြံ့ခိုင် ကောင်းမွန်အောင် ရန်ကုန်-မန္တလေး လမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနား လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်း၊ ပုသိမ်-ဟင်္သာတလမ်းပိုင်း၊ ရန်ကုန်-ပြည် လမ်းပိုင်းများတွင် ကွန်ကရစ်ဇလီဖားတုံးများ အစားထိုး လဲလှယ်အသုံးပြုခဲ့ကြောင်းနှင့် လမ်းပိုင်းများ ကြံ့ခိုင်ရေး ပိုမိုထိရောက် ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် ကွန်ကရစ်ဇလီဖားတုံးများ တိုးချဲ့ဆောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်သုံးဆီကို အလေအလွင့် မရှိအောင် ထိန်းသိမ်း ဆောင်ရွက်သွားကြရန်နှင့် မိုးတွင်းပိုင်း ကျရောက်လာပြီဖြစ်၍ ရေအန္တရာယ် ကင်းရှင်းရန်အတွက် ရထားလမ်းပိုင်းများတွင် ရေကင်းများချ၍ ရေလွှမ်းမိုးခြင်း အန္တရာယ်မှ ကာကွယ်နိုင်ရန် အစီအမံများ ပြုလုပ်ထားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ ဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က မိမိတို့ ဝန်ထမ်းများအနေဖြင့် မိမိတို့ ကျရာဒေသ၊ တာဝန်ကျရာဒေသများတွင် တာဝန်ထမ်းဆောင်စဉ်၌ မိမိတို့ ထိတွေ့ရသည့် ပြည်သူများ၊ မိမိတို့ဌာနတွင်လုပ်ငန်းလာရောက်ဆောင်ရွက်သူများ၊ ခရီးသည်များ၊ ကုန်စည်လာရောက်တင်ပို့သူများ စသည်တို့ကို မှန်ကန်သော နည်းလမ်း၊ မှန်ကန်သော စေတနာဖြင့် လုပ်နည်းလုပ်ဟန် မှန်ကန်စေရေးတို့အတွက် တာဝန်ရှိသူများက လိုအပ်သလို ပဲ့ပြင်ထိန်းကျောင်း၍ လမ်းမှန်ပေါ်တွင်ရှိစေရန် ဆောင်ရွက်ရန်၊ စီမံကိန်းများတွင် ပစ္စည်းများအလေအလွင့် မရှိအောင် ဆောင်ရွက်ရန်တို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားပို့ဆောင်ရေး ဝန်ကြီးဌာန သွားလာပို့ဆောင်ရေး ကဏ္ဍသည် အရေးပါသော နေရာတွင် ရှိနေခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် စေတနာရှေ့ထား၍ ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ထမ်းဆောင်ရာတွင် ယခုထက် ပိုမိုတိုးတက်ကောင်းမွန်စွာ ဆောင်ရွက်သွားကြရန် အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ငါးလုပ်ငန်းဦးစီးဌာန ၂၀၀၆-၂၀၀၇ခုနှစ် လုပ်ငန်းညှိနှိုင်း မွေးမြူရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၈ရက်မှ ယနေ့နံနက်ပိုင်းအထိ ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အစည်းအဝေးကို ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်နှင့်တိုင်းဦးစီးဌာနမှူးများ၊ ခရိုင်ဦးစီးဌာနမှူးများကလည်းကောင်း၊ ဇွန် ၁၉ရက် နံနက်ပိုင်းတွင် မွေးမြူရေးစခန်းတာဝန်ခံများ၊ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများကလည်းကောင်း၊ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း မွေးမြူထုတ်လုပ်မှုကဏ္ဍ၊ ပင်လယ်ပြင် ဖမ်းဆီးထုတ်လုပ်မှုနှင့် ရေထွက်ပစ္စည်း ပြည်ပပို့ကုန်မြှင့်တင်ရေးကဏ္ဍ၊ ဖွံ့ဖြိုးရေးနှင့်သုတေသနကဏ္ဍများနှင့် ရေနေသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ငါးမျိုး စိုက်ထည့်မှုများအား လည်းကောင်း အသီးသီး တင်ပြဆွေးနွေးကြသည်။

ယင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ငါးသားပေါက် ထုတ်လုပ်မှုနှင့် ဝင်ငွေ ထူးချွန်ဆုရ ပန်းတနော် ငါးလုပ်ငန်းစခန်း၊ စပါး/ငါးထုတ်လုပ်မှု ထူးချွန်ဆုရ မကွေးတိုင်း ပွင့်ဖြူမြို့နယ်၊ တိုင်းရင်းငါးမျိုးသစ်များ စမ်းသပ်ဖောက်လုပ်နိုင်မှု ထူးချွန်ဆုရ ဒေါ်မိုးသူဇာမောင် ရေချိုငါးဥယျာဉ်နှင့် ရေထွက်ပစ္စည်းစစ်ဆေးမှု ထူးချွန်ဆုရ မှုဆယ်စစ်ဆေးရေး စခန်းနှင့် ဗန်းမော်ခရိုင်အား လည်းကောင်း၊ အင်းများအတွင်း ငါးမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရ ရေကြည်မြို့နယ်၊ ဆည်များအတွင်း ငါးမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရ တိုက်ကြီးမြို့နယ်တို့အား ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများကလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာ့ရေပိုင်နက် ရေချို/ရေငန် ရေပြင်များတွင် ရေနေသယံဇာတများ မျိုးပြုန်းမှုမှ ကာကွယ်စောင့်ရှောက်ရေး၊ ရေထွက်ပစ္စည်းများ ထုတ်လုပ်မှု အရည်အသွေးမီ တိုးမြှင့်ထုတ်လုပ်ရေး၊ မွေးမြူရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာများကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်/မန္တလေး မြရောဘ ဈေးသဘော်ာ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာ

ရန်ကုန် ဇွန် ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ ရန်ကုန်/မန္တလေး မြရောဘ ဈေးသဘော်ာနှင့် ဘ-၈၀၉၊ ဘ-၈၁၀ ဈေးတွဲနှစ်တွဲတို့သည် မီးဖိုချောင်သုံးပစ္စည်းများနှင့် အထွေထွေ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း ၁၃၇၆ တန်နှင့် ခရီးသည် ၆၀တို့ တင်ဆောင်ပြီး ယမန်နေ့ နံနက် ၁၀နာရီတွင် မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာလာသည်။

အဆိုပါ ဈေးသဘော်ာသည် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြို့၊ ရွာများမှ မိမိတို့ဒေသ၌ပင် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန် ခရီးစဉ်တစ်လျှောက်ရှိ မြို့၊ ရွာဒေသများသို့ ညအိပ်ဆိုက်ကပ်ရပ်နားပြီး ဈေးရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော် လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့်အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်းကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၏ သား၊ သမီးများအား ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲကို မေ ၃၀ရက်က မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပရာ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်မြင့်က တပ်ဖွဲ့ဝင် သား၊ သမီး ၁၆၃ဦးအတွက် ထောက်ပံ့ကြေး ငွေကျပ်လေးသိန်း ခုနစ်ထောင် ထောက်ပံ့ပေးအပ်စဉ်။ (က-ပ)

မူးယစ်
ဆန့်ကျင်
အောင်ပွဲဆင်

တာမွေမြို့နယ် ကျားကွက်သစ် စံပြရပ်ကွက် ဓမ္မဝိဟာရလမ်းရှိ သာသနဟိတမွှောရုံ အာယုဒါန ဆေးအလှူတော်အတွက် ကျားကွက်သစ် စံပြရပ်ကွက် ကျိုက္ကဆံလမ်းနေ ဦးချစ်ဆွေ-ဒေါ်သန်းသန်းမြင့်မိသားစုတို့က အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ ဗိုလ်မှူးခင်ဇော်(ငြိမ်း) လက်ခံစဉ်။ (က-ပ)

ဒုတိယဝန်ကြီး ဒေါက်တာမြဦး တောင်ကြီးမြို့ ဆေးရုံများ ကြည့်ရှုစစ်ဆေး
ခုခံအားကျဆင်းမှု၊ တီဘီနှင့် ငှက်ဖျားရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန်မှာကြား

နေပြည်တော် ဇွန် ၂၀

အမျိုးသား ကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၂ ရက်တွင် အသစ်ဆောက်လုပ်ပြီးစီးနေသော တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံ၏ သားဖွားဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသဆောင်နှင့် မူလဆေးရုံ၏ ကလေးကုသဆောင်၊ မွေးကင်းစလူနာခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဆေးရုံ အစည်းအဝေးခန်းမ၌ တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံ၊ တောင်ကြီး စဝ်စံထွန်းဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသရေးသည် ဆေးရုံများနှင့် အဓိက သက်ဆိုင်ကြောင်း၊ လူနာများအား ကုသမှုပေးရာတွင် အရည်အသွေး မြင့်မားရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဆရာဝန်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လူနာများနှင့် ချောမွေ့စွာ ဆက်သွယ်ကုသရေး၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် ရည်ရွယ်ချက်များ၊ တာဝန်ခံ ပုဂ္ဂိုလ်၊ ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ အရည်အချင်းနှင့် အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာများ၊ ပုဂ္ဂလိက ဆေးရုံအင်္ဂါရပ်များ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ကြီး စဝ်စံထွန်းဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၏ ဓာတ်မှန်ခန်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးဌာန၊ ဓာတ်ခွဲခန်း၊ သွေးလှူဘဏ်၊ လူနာဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့နယ် ကျန်းမာရေး ဦးစီးဌာနသို့ ရောက်ရှိ၍ အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးအခြေခံ ထောင်စုနှစ်ရည်မှန်းချက်များကို အခြေပြု၍ ကျန်းမာရေး ကော်မတီအဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသများကို အာရုံစိုက်ရန်လိုကြောင်း၊ ကိုယ်ဝန်ဆောင် မိခင်တိုင်းသည် ကျွမ်းကျင်သော ကျန်းမာရေး စောင့်ရှောက်သူနှင့်သာ ရာနှုန်းပြည့် စောင့်ရှောက်မှုခံယူ ရန် အရေးကြီးကြောင်း၊ ရပ်ရွာအတွင်းရှိ အိမ်တိုင်းတွင် ယင်လုံအိမ်သာ အသုံးပြုရေးနှင့် ရွာတိုင်းတွင် သန့်ရှင်းသော သောက်ရေ ရရှိရေးအတွက် စက်ရေတွင်း(အဝီစိတွင်း) အနည်းဆုံး တစ်တွင်းရှိရန် လိုကြောင်း၊ သန့်ရှင်းသော သွေးကောင်း၊ သွေးသန့် ရရှိစေရေးအတွက် သွေးလှူရှင်အဖွဲ့ထားရှိ၍ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန်လိုကြောင်းနှင့် ဆင်းရဲမှုကို ပိုမိုနက်ရှိုင်းစေသည့် ခုခံအား ကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါများကို အမျိုးသားရေး အသွင်ဖြင့် တိုက်ဖျက်ရန် လိုကြောင်း ဖြင့် ပြောကြားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း(၁)ရပ်ကွက် ဖေယျာသိဒ္ဓိလမ်းနေ ဦးအောင်ကြည်–ဒေါ်ခင်ခင်လှတို့က မင်းကွန်းဆရာတော်ကြီး၏ မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက် ရေပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အောင်စကြာ အရှင်စန္ဒသိရီ တရားဟောကြားမည်

ရန်ကုန် ဇွန် ၂၀

သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ(ဓမ္မာစရိယ)သည် ဇွန် ၂၇ ရက်မှ ဇူလိုင် ၃ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်သပြေစဥ့်ဟယ်ကျေးရွာ မိုးကုတ်ရိပ်သာဓမ္မသဘင်၊ ဇူလိုင် ၅ ရက်မှ ၁၄ ရက်အထိ တောင်ကြီးမြို့ မိုးကုတ်ရိပ်သာ ဓမ္မသဘင်နှင့် ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ အောင်ဘန်းမြို့ မိုးကုတ်ရိပ်သာ ဓမ္မသဘင်တို့၌ ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က–ပ)

ကံ့ကော်မြိုင်ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၀

သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို မနော်ရမ္မတိုက်ကျောင်း ဓမ္မသဘင်ခန်းမ၌ ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်း၊ ဆွမ်းနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၅၇၈၄၂၉ သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ပစ္စည်းလေးပါး ထောက်ပံ့ရေး ဝေယျာဝစ္စအဖွဲ့မှ နှိုးဆော်ထားသည်ဟု သိရသည်။ (၂၃)

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုသက်မှူး(မရမ်းကုန်း)၏ ဝတ္ထု/ဓာတ်ညွှန်းကို မြန်မာ့အသံက စီစဉ်ထုတ်လွှင့်မည့် “နေခြည်ဝေဖြာ ရွှေပြည်မြန်မာ” ဓာတ်လမ်းကို မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်ရန် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ကြစဉ်။ (မြန်မာ့အသံ)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဇာတ်လမ်းပမာ ထုတ်လွှင့်မည်

ရန်ကုန် ဇွန် ၂၀

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုသက်မှူး (မရမ်းကုန်း)၏ ဝတ္ထု/ဓာတ်ညွှန်းကို မြန်မာ့အသံက စီစဉ်ထုတ်လွှင့်မည့် **“နေခြည်ဝေဖြာ ရွှေပြည်မြန်မာ”** ဓာတ်လမ်းကို ဇွန် ၂၄ရက် မွန်းလွဲ ၁၂နာရီခွဲနှင့် ဇွန် ၂၆ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ တို့တွင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်မည်ဖြစ်ရာ အဆိုပါဓာတ်လမ်းတွင် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အမှတ်(၁) ရေနံချက်စက်ရုံ သန်လျင် ဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးကုသပေး

ရန်ကုန် ဇွန် ၂၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက် စက်ရုံ(သန်လျင်)မှ ဝန်ထမ်းများအား ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးဒေါက်တာ ဦးစိုးတင့်၊ ရင်ခေါင်းရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးရဲထွန်း၊ အဆိပ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးမျိုးလွင်(ငြိမ်း)၊ ရန်ကုန်တိုင်း တီဘီဆရာဝန်ကြီး ဒေါက်တာ ဦးမျိုးဇော်တို့ ပါဝင်သော အဖွဲ့သည် ဇွန် ၁၈ရက်မှစ၍ နယ်လှည့်ဓာတ်မှန်ရိုက်ကူးရေးယာဉ်ဖြင့် စက်ရုံ ဆေးပေးခန်း၌ ကျန်းမာရေး စစ်ဆေးကုသပေးလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ အထူးကုဆရာဝန်ကြီးများ အဖွဲ့အား ဇွန် ၁၈ရက်က စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်း၊ အမှတ်(၁) ရေနံချက်စက်ရုံ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး ဖေသက်ညွှန့်နှင့် တာဝန်ရှိသူများက ကြိုဆို၍ စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေး စစ်ဆေးကုသမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၂၇)

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ

✻ ရှေ့ဖုံးမှ

ဝမ်ဟုန်ဒေသ၌ တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံပြီး ရေရှည်ဒေသဖွံ့ဖြိုးရေးအတွက် ရော်ဘာအပါအဝင် နှစ်ရှည်ပင်နှင့် ရာသီ သီးနှံများ တိုးချဲ့စိုက်ပျိုးရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်တင်ပြခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရေး၊ နှစ်ရှည်ပင်စိုက်ပျိုးရန် အကြောင်းပြ၍ တရားမဝင် သစ်ခိုးထုတ်ခြင်းမပြုရေးနှင့် အခြားတရားမဝင်လုပ်ငန်းများနှင့် ပါဝင်ပတ်သက်မှုမရှိရေး ရှင်းလင်းမှာကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

၎င်းမှတစ်ဆင့် တိုင်းမှူးသည် မိုင်းဆတ်မြို့သို့ရောက်ရှိပြီး မိုင်းဆတ်လေယာဉ်ကွင်းအနီးတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးထားသည့် နွေစပါးစံပြစိုက်ခင်းသို့ ရောက်ရှိပြီး ဒေသအတွင်း နွေစပါး၊ မိုးစပါးများ တိုးချဲ့စိုက်ပျိုး၍ တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ပြီး ဒေသအတွင်း ဆန်စပါးဖူလုံပိုလျှံမှုရှိရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းဆတ်မြို့ အောင်ဇေယျ ဘက်စုံအားကစားကွင်းအနီးရှိ မိုင်းဆတ်ခရိုင် မိုးလုံလေလုံ အားကစားခန်းမ တည်ဆောက်ပြီးစီးမှုအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် မေ ၂၄ ရက်တွင် မိုင်းဆတ်-မိုင်းတုံ-ပုံပါကျင် ကားလမ်းနှင့် တံတားများအခြေအနေအား ကြည့်ရှုစစ်ဆေး၍ မွန်းတည့် ၁၂ နာရီတွင် ပုံပါကျင်မြို့ ပြည်တော်သာလမ်း၌ မြို့တွင်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ပုံပါကျင်မြို့တွင်း ကားလမ်းများအနက် ယခင်ကတ္တရာခင်းပြီး ပေ ၁၆၄၀ ရှိ ယခုဖွင့်လှစ်သည့် ကတ္တရာလမ်းသစ် ခြောက်လမ်းမှာ ပေ ၄၅၅၀ ရှိသဖြင့် စုစုပေါင်းကတ္တရာလမ်း ပေ ၆၁၉၀ ရှိကြောင်း၊ နောက်ထပ် ကျောက်ချောခင်းပြီးလမ်း ပေ ၂၀၀၀ ရှိပြီး ကတ္တရာခင်းလမ်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ပုံပါကျင်မြို့မှ ပြန်လည်ထွက်ခွာလာရာ ပုံပါကျင်မြို့ နားကောင်းမူကျေးရွာသို့ရောက်ရှိပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ ဒေသခံပြည်သူများအား အခမဲ့ ဆေးဝါးကုသနေမှုကို ကြည့်ရှုအားပေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ညပိုင်းတွင် တိုင်းမှူးသည် နယ်မြေခံတပ်ရင်းစည့်ရိပ်သာ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိုင်းဆတ်ခရိုင်နှင့် ပုံပါကျင်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

တိုင်းမှူးသည် မေ ၂၅ ရက်တွင် နားကောင်းမူကျေးရွာမှ ထွက်ခွာ၍ နားကောင်းမူ-မိုင်းတုံ ကားလမ်းအပိုင်း မိုင်တိုင်(၁၆)ရှိ တာဆန်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း(အမ်ဒီအိတ်စ်)ကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်နေသည့် အရှည်ပေ ၅၀၊ အကျယ်ပေ ၃၀ ရှိ နမ့်ဟူးပါကွယ်တံတား ဆောက်လုပ်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေး၍ ချဉ်းကပ်လမ်းများ ပြေပြစ်မှုရှိရေး တာဝန်ရှိသူများအား မှာကြားသည်။ ၎င်းမှ ဆက်လက်ထွက်ခွာရာ မိုင်းတုံမြို့သို့ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများ၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုများအား ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် နေ့လယ်ပိုင်းတွင် မိုင်းတုံမြို့မှ ဆက်လက်ထွက်ခွာရာ မိုင်းတုံ-မိုင်းဆတ် ကားလမ်းအပိုင်း မိုင်တိုင်(၂၁)အနီးတွင် စက်ယန္တရားများဖြင့် ကားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ၎င်းမှ ဆက်လက်ထွက်ခွာလာရာ မိုင်းဆတ်-မိုင်းခုတ်လမ်းအပိုင်း သဲတောင်တွင် စက်ယန္တရားများဖြင့် လမ်းပြုပြင်ဆောင်ရွက်နေမှုနှင့် တံတားဆောက်လုပ်မည့်နေရာများအား ကြည့်ရှုစစ်ဆေး၍ မိုးတွင်းကာလ သဲတောင်ပြိုကျမှုရှိပါက လမ်းကြောင်းပိတ်ဆို့နေမှုမရှိရေးအတွက် စက်ယန္တရားများဖြင့် အချိန်မီ လမ်းရှင်းလင်းနိုင်ရေးဆောင်ရွက်ရန် ကြိုတင်စီမံဆောင်ရွက်ရေး မှာကြားသည်။

၎င်းမှ ဆက်လက်ထွက်ခွာလာရာ တိုင်းမှူးသည် မိုင်းခုတ်မြို့သို့ ရောက်ရှိသည်။ ညပိုင်းတွင် တိုင်းမှူးသည် နယ်မြေခံစည့်ရိပ်သာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိုင်းဆတ်ခရိုင်နှင့် မိုင်းခုတ်မြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် မေ ၂၆ ရက် နံနက်ပိုင်းတွင် မိုင်းခုတ်မြို့အနီးရှိ ကျောက်မီးသွေး စမ်းသပ်တူးဖော်မှုလုပ်ငန်းသို့ရောက်ရှိရာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ခံနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ကွင်းဆင်းအခြေစိုက်စခန်းမှ ဘူမိဗေဒအရာရှိတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် တူးဖော်ရရှိသည့် ကျောက်မီးသွေးနမူနာများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် မိုင်းခုတ်မြို့ ပတ်ဝန်းကျင်ရှိ ကျောက်မီးသွေးစမ်းသပ်တွင်း အမှတ်(၁)(၃)နှင့် (၇)တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ တိုင်းမှူးသည် မိုင်းခုတ်မြို့မှ နံနက်ပိုင်းတွင် ထွက်ခွာ၍ ၇၃ မိုင်အရှည်ရှိ မိုင်းခုတ်-ပန်လီ-ကျိုင်းတုံ ကားလမ်းအတိုင်း ကားလမ်းနှင့် တံတားများအခြေအနေအား ကြည့်ရှုစစ်ဆေးကာ ကျိုင်းတုံမြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဦးမောင်လှိုင်၊ ဒေါ်စောလှ မိသားစုက ငွေကျပ် ၂၀၀၀၀၀ ကို လာရောက်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးအေးကို၊ ဦးဟံညွှန့်၊ ဦးသိန်းစိုးတို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

▲ မိုင်းပျဉ်းမှ

ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးဆောင်ရွက်မည့် အခြေအနေများကို ကုမ္ပဏီအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မိုင်းပျဉ်း၊ ကျိုင်းခမ်း၊ နောင်ဝိုးဒေသရှိ မြေလွတ်မြေရိုင်းဧက ၁၁၁၃၀၀ ကို ကုမ္ပဏီ ၃၃ ခုတို့မှ စီမံကိန်း ချမှတ်အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့ အမှတ်(၂)အထက ရွှေရတုပွဲနှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

မန္တလေးတိုင်း မိတ္ထီလာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်နှင့် ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကို ဩဂုတ် ၃ရက်မှ ၅ရက်အထိ အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါကျောင်းမှ အသက်(၆၀)ပြည့် အငြိမ်းစားယူပြီး သက်ရှိထင်ရှား ဆရာ၊ ဆရာမကြီး ၁၀၀ တို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစောဌေး-ဖုန်း-၀၆၄-၂၃၆၆၀၊ ဦးဆုမြိုင်-ဒေါ်ရင်ရင်-ဖုန်း-၀၁-၅၈၄၇၈၈၊ ဦးဇော်ဦး-ဒေါ်မြင့်မြင့်သန်း-ဖုန်း-၀၆၄-၂၃၇၃၆၊ ဒေါ်ရီရီ-ဖုန်း-၀၆၄-၂၃၄၀၄၊ ဦးဝင်းမြင့်-ဖုန်း-၀၆၇-၂၃၄၀၈၊ ဦးတင်ထွေး-ဖုန်း-၀၆၄-၂၄၇၂၀တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓမ္မပါဠိပါရဂူ၊ ပရိယတ္တိသာသနာလင်္ကာရ အရှင်သုမင်္ဂလာလင်္ကာရ (Ph.D) တည်ထောင်တော်မူခဲ့သော ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော် အပါး ၃၀၀ တို့နှင့် ပင့်သံဃာတော်များအပါအဝင် သံဃာတော် အပါး ၄၀၀ တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းတိုက်အတွင်းရှိ သီရိမင်္ဂလာအနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ကြောင်း သိရှိရသည်။ (က-ပ)

အစည်းအဝေးများတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်မင်း ဦးဆောင်၍ အထွေထွေအတွင်းရေးမှူး ဦးအောင်ခင်မြင့်၊ ဘဏ္ဍာရေးမှူး ဦးဝါဆိုဝင်းမြင့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်လှလှရီ၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာခင်မောင်ကြိုင်၊ တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်ခိုင်နှင့် မြန်မာနိုင်ငံ အကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ်များအသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်တို့ ပါဝင်သော အဖွဲ့သည် UNESCAP National Executive of National Freight Forwarders Association အစည်းအဝေး၊ FIATA Asia/ Pacific Regional Rap အစည်းအဝေး၊ UNESCAP Regional Forum of Freight Forwarders, Multimodal Transport Operators and Logistics Service Providers အစည်းအဝေး၊ Expert Group Meeting on Improving Road Safety on the Asian Highway အစည်းအဝေးနှင့် The Enhancement of International Trade Logistics Development in Greater Mekong Sub Region Forumသို့ တက်ရောက်ရန် ဇွန် ၁၉ရက်တွင် ရန်ကုန်မှလေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြရာ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်လွင်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာအေးအေးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

သုံးခွမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြား၊ ရေဒီယို၊ စာအုပ်စာစောင်များ ထပ်ဆင့်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ဒုတိယအကြိမ် လှူဒါန်းပွဲမှ ရရှိသည့် ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို၊စာအုပ်၊စာစောင်များအား ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းပွဲကို ဇွန် ၁၅ရက်တွင် သုံးခွမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းက ကျေးလက်ပြည်သူများ ပညာရည်မြင့်မားရေး သိကောင်းစရာများဆွေးနွေးကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေက အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

ထို့နောက် ရုပ်မြင်သံကြားဖမ်းစက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းလှိုင်**(ဝဲပုံ)**က အရှေ့တံခွန်တိုင်ကျေးရွာမှ ဦးလှဌေးအား လည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းက ပုလဲစံပြကျေးရွာ ဥက္ကဋ္ဌ ဦးစောလွင်အားလည်းကောင်း၊ရေဒီယိုများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေးအေးနွဲ့က ကျေးရွာများကိုယ်စား ညောင်လန်းကုန်းကျေးရွာ ဥက္ကဋ္ဌ

❍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်မှ

ဆရာဝန်များ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုသင်တန်းသူများ၊ လူမှုရေးအသင်းဝင်များ၊ အသက်ငါးနှစ်အောက် ကလေးမိခင်များတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က လူမှုရေးအသင်းဝင်များသည် နိုင်ငံတော်မှဆောင်ရွက်နေသော အမျိုးသားကာကွယ်ဆေးတိုက်ကျွေးမှုလုပ်ငန်းစဉ်များအောင်မြင်ရေးနှင့် ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရန်အတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများတွင် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဆွေဝင်းက ဧရာဝတီတိုင်းဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များနှင့် ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြကာ အခမ်းအနားကိုရုပ်သိမ်းသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အမှတ်(၄)ရပ်ကွက်ရှိ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ကျန်းမာရေးဝန်ထမ်းများ ဆေးတိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးသည်။

ဧရာဝတီတိုင်းဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များအဖြစ် ပထမအကြိမ် ဇွန် ၉ရက်မှ၁၃ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇူလိုင် ၄ရက်မှ ၈ရက်အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းနောက် တိုင်းမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုသိမ်မြို့ အမှတ်(၃)အခြေခံ ပညာအထက်တန်းကျောင်း ကေရာဇ်ခန်းမတွင်ပြုလုပ်သော ဧရာဝတီတိုင်း ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် အဆင့်(၂)၌ ပြိုင်ပွဲဝင် ၁၄ဦး၊ အဆင့်(၃)၌ ပြိုင်ပွဲဝင် ၂၂ဦး၊ အဆင့်(၄)၌ ပြိုင်ပွဲဝင်သုံးဦးတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှု၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားမှုတို့ကို ကြည့်ရှုအားပေးစဉ်။ (လယ်/ဆည်)

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကျေးလက်ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေး လယ်ယာလုပ်ငန်းများတွင် စက်စွမ်းအားအသုံးပြုရေးနှင့် တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုစရိတ် လျှော့နည်းအောင်ကူညီရေး မှာကြား

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားမှုတို့ကို ဌာနဆိုင်ရာများ၊ မိတ္ထီလာနှင့် သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့် ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အဖွဲ့သည် ကုန်းတောင်းအနောက်ကျေးရွာ လယ်သမားကြီးဦးဝင်းစိန်၏ ရေဆင်းလုံးသွယ် နွေစပါးစိုက်ခင်း၌ စပါးရိတ်သိမ်းခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးပြီး ရပ်မိရပ်ဖ ကျေးရွာလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လယ်ယာလုပ်ငန်းအဆင့်ဆင့်တွင် စက်စွမ်းအားအသုံးပြုဆောင်ရွက်ရေး၊ တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု စရိတ်လျှော့နည်းအောင် ကူညီဆောင်ရွက်ပေးရေး၊ ကျေးရွာလူထု၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လွန်ခဲ့သည့်နှစ်နှစ်တာကာလက ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မဖူလုံသည့် ကျေးရွာအုပ်စုမှ ရေရရှိမှု၊ စိုက်ပျိုးမှုနည်းပညာ ဆောင်ရွက်ပေးမှုတို့ဖြင့် စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာပြီး ပတ်ဝန်းကျင်ကျေးရွာမြို့နယ်များသို့ အထွက်ကောင်းမျိုးစပါးဖြန့်ဖြူးပေးနိုင်သည်အထိ ဆောင်ရွက်လာနိုင်မှုကို စံနမူနာယူ၍ ဒေသစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရန် လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးပြီး ရပ်မိရပ်ဖတစ်ဦးထံ ကျေးရွာလူထုစုပေါင်းပြုပြင်မွမ်းမံနေသည့် မြဆံတော်ဘုရား ရွှေသက်န်းကပ်လှူမှုနှင့် ဘက်စုံပြုပြင်မွမ်းမံမှုအလှူတော်ငွေ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ယင်းနောက် ကျေးရွာတွင်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းနှင့် အိမ်ဝင်းကာရံမှုအဖြစ် စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုအားပေးပြီး ရွာရှိ သဘာဝရေလျှံတွင်းမှ ရေထွက်ရှိမှုကို ကြည့်ရှုသည်။

ထို့နောက် ဌာနဆိုင်ရာ ကျေးရွာလူထုနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းတည်ဆောက်ထားသည့် ကုန်းတောင်းကန်တွင် ရေအပြည့်အဝဝင်ရောက်နေမှုအခြေအနေနှင့် စိုက်ပျိုးရေပေးဝေမှုကို ကြည့်ရှုသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အဖွဲ့သည် သာစည်မြို့နယ် အပျောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ စေတနာရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ကျေးရွာလူထု စုပေါင်းပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေများကိုကြည့်ရှုပြီး ကျေးရွာလူထု ဆရာဆရာမများ၊ ကျောင်းကြီးကြပ်ရေးကော်မတီဝင်များအား တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပညာရည် မြင့်မားရေး၊ ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းပညာသင်ကြားနိုင်ရေးတို့ကို မှာကြားကာ ပညာရေးရန်ပုံငွေပဒေသာပင် စိုက်ထူလှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာ မှန်ကျောင်းဆရာတော် ဦးတိလောကအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျေးရွာလူထုနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးမှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် လောကရန်နိုင်စေတီ၊ လောကမာန်အောင်စေတီနှင့် လောကထိပ်ပန်စေတီများ ဘက်စုံပြုပြင်မွမ်းမံမှုကို ကြည်ညိုဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးမြင့်စိုးအား လည်းကောင်း၊ လှူဒါန်းပွဲမှရရှိသော စာအုပ်၊စာစောင်များနှင့် သီးခြားအလှူရှင်များက လှူဒါန်းသည့် စာအုပ်မျိုးစုံ ၂၅၅၆အုပ်ကို မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှကြိုင်က ကျေးရွာ ၃၆ရွာကိုယ်စား ကွန်ကလကျေးရွာဥက္ကဋ္ဌ ဦးကြူဝင်းအားလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အဆိုပါအခမ်းအနားတွင် ရန်ကုန်မြို့ (၁)ဝိုင်းဆရာတော် ဘဒ္ဒန္တဇဝနက စာအုပ်မျိုးစုံ ၁၆၇ အုပ်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းက စာအုပ်မျိုးစုံ ၅၃၉အုပ်၊ မြို့နယ်တရားရုံးက စာအုပ်မျိုးစုံအုပ် ၇၀၊ သုံးခွမြို့(၁)ရပ်ကွက်မှ ဦးတင်ဝင်း၊ ဒေါ်တင်တင်နွဲ့မိသားစုတို့က သုတ၊ရသစာအုပ် ၁၂၀၊ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မဂ္ဂဇင်း ၁၀အုပ်၊ မြို့နယ်စည်ပင်သာယာက မဂ္ဂဇင်း၃၂အုပ် လှူဒါန်းရာအလှူရှင်များကိုယ်စား ဦးတင်ဝင်း၊ ဒေါ်တင်တင်နွဲ့ မိသားစုအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောမြတ်နွယ်က ဂုဏ်ပြုလွှာများချီးမြှင့်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

➪ NLDမှ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လှိုင်သာယာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သောနုတ်ထွက်လွှာတွင် NLD ပါတီအနေဖြင့် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိဘဲ ပြည်ပအားကိုးဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်းကိုသာ လုပ်ဆောင်လျက်ရှိကြောင်း၊ ပါတီနှင့်ပါတီခေါင်းဆောင်များ၏မှားယွင်းနေသောလုပ်ရပ်နှင့် အတွေးအခေါ်တို့ကို ကြိုက်နှစ်သက် လက်ခံယုံကြည်မှုမရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှနုတ်ထွက်ပါကြောင်းဖြင့်ဖော်ပြထားသည်။ (သတင်းစဉ်)

တီဘီရောဂါ သတိပြုကာကွယ်ပါ

* ရက်သတ္တပတ်(၃)ပတ်ကျော် ချောင်းဆိုးလျှင် –
* သလိပ်တွင် သွေးပါလျှင် –
* တငွေ့ငွေ့အဖျားတာရှည်လျှင် –
* တဖြည်းဖြည်း ပိန်ချုံးလာလျှင် –

နီးစပ်ရာကျန်းမာရေးဌာနများတွင် တီဘီရောဂါရှိ–မရှိစစ်ဆေးပါ

တီဘီလူနာများကို အစွမ်းထက်သော တီဘီဆေးများဖြင့် ပျောက်ကင်းသည်အထိ အခမဲ့ ကုသပေးလျက်ရှိသည်။

အသေးစိတ် သိရှိလိုပါက အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဖုန်း–၀၁–၃၈၀၉၅၁၊ ၃၈၀၉၅၂၊ ၃၈၀၉၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ကျန်းမာရေးဝန်ကြီးဌာန

ယာဉ်မောင်းသူများ လိုက်နာရန် သတိပေး နှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ–
(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
(၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
(၄) လမ်းပေါ်တွင် ရွှံ့ညွန်များရှိလျှင် လမ်းချော်နိုင်သည်။
(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
(၆) ဘရိတ်ကို ရုတ်တရက်မနင်းပါနှင့်။
(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
(၉) မိုးသည်းထန်စွာ ရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။
(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁–၆–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၂၅ ၉။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let's Go.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Every day Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၂၀ ၇။ တေးဂီတအစီအစဉ်
၅း၃၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅း၅၀ ၉။ **“ငါးရစ်မျိုးငါး–––တို့မစား” (ရော၊ခိုင်သင်းကြည်၊မေပိုးအိ၊ ညိုညိုစိမ့်၊မြသက်ထား) (ဒါရိုက်တာ–ရဲဝင်းနီ)**
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သီရိဂေဟာ
၆း၅၅ ၁၃။ မြန်မာမလေးတွေ မြန်မာလိုလှစေချင်
၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေရောင်သန်းသော အသည်းနှလုံး” (အပိုင်း–၁၂)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကံကြမ္မာနတ်သမီး” (အပိုင်း–၁၃)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်ကိုကို ညောင်လေးပင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၀

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် တိုင်းအတွင်းရေးမှူး ဦးဖေသိန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၃ ရက် နံနက်က ညောင်လေးပင်မြို့နယ် မိုင်တိုင် (၁၀၀/၄) မိုင်ရှိ လိန်ပင်ချောင်းအား တူးဖော်ချဲ့ထွင်၍ ရေစီးရေလာကောင်းမွန်မှု အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မိုင်တိုင်အမှတ်(၉၁)မိုင်ရှိ ရဲနွယ်ချောင်းတံတားသို့ ရောက်ရှိ၍ ရဲနွယ်ချောင်းရေစီးရေလာကောင်းမွန်မှု အခြေအနေနှင့် တံတားခိုင်ခံ့မှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍တိုင်းမှူးသည်ကျူချောင်းအနောက်အုပ်စု ကျေးရွာအနီးတွင် ဒေသအတွင်း ရေလွှမ်းမိုးမှုမှ ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးအတွက် လိန်ပင်ချောင်းအား စက်ယန္တရားကြီးများဖြင့် တူးဖော်ချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဒေသ၏ စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့နယ် ရပ်ကွက် (၄) အနီးရှိ ဝါးပတောချောင်းလက်တက်တစ်ခုဖြစ်သော အုန်းထုံးရုံးတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဒေသအတွင်း ရေကြီးရေလွှမ်းမိုးမှု မရှိစေရေး ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအား မှာကြားကာလိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိရုံးသို့ ရောက်ရှိကြရာ ဧည့်ရိပ်သာ၌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်က စစ်တောင်းမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေး လုပ်ငန်းရပ်များဖြစ်သည့် မုက္ခမုကမ်းပတ်တာနှင့် စစ်တောင်းတာပတ်ခြင်းနှင့် ရဲနွယ်ချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်စပ်ဒေသများရှိ မြစ်ချောင်းများ ရေစီးဆင်းမှု အခြေအနေများအား ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းရပ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ညောင်လေးပင်မြို့နယ် မုက္ခမုချောင်းတံတားသို့ ရောက်ရှိ၍ မုက္ခမုချောင်း ရေစီးဆင်းမှုအခြေအနေနှင့် ရေကြီးနစ်မြုပ်မှု မရှိစေရေး ဆောင်ရွက်ရမည့် အခြေအနေများအား လည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းမိုင်တိုင် (၁၄၂/၆) မိုင်ရှိ ဖြူးချောင်းတံတားသို့ ရောက်ရှိ၍ ဖြူးချောင်းရေစီးရေလာကောင်းမွန်မှုနှင့် ဖြူးချောင်းအား စက်ယန္တရားများဖြင့် ချောင်းဖြောင့်တူးဖော်ဆောင်ရွက်နေမှု အခြေအနေတို့အား လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၇၀ တက္ကသိုလ်ရိပ်သာလမ်းရှိ **အင်းလျားဝေဠုဝန် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် လှိုင်မြို့နယ် ၆ မိုင်၊ ခပေါင်းလမ်းသွယ်နေ ဦးမြဟန်-ဒေါ်သန်းမြင့်၊ မြေး မအေးမြသီရိဇော် မိသားစုတို့ကငွေကျပ်သိန်း၂၀ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တအဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချအနုမောဒနာတရား နာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် သာယာအေးလမ်း ရေတွင်းကြီး လမ်းသွယ်နေ ဦးသန်းလွင်-ဒေါ်ခင်မူယာ မိသားစုက နှစ်ဖက်သောမိဘများအား အမှူးထား၍ အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးသိန်းစိုး၊ ဦးအုန်းကြိုင်တို့ လက်ခံရယူစဉ်။ (က-ပ)

ရှမ်းပြည်နယ်(တောင်ပိုင်း) ချက်ကြံသီးနှံ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးဖြန့်ဝေ

တောင်ကြီး ဇွန် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ကြံသီးနှံလုပ်ငန်းဌာနမှ ပြည်နယ်တာဝန်ခံ ဦးညွှန့်ခင်နှင့် ဝန်ထမ်းများသည် ချက်ကြံသီးနှံ စိုက်ပျိုးရေးအတွက် ဒေသနှင့်သင့်လျော်ပြီး အထွက်နှုန်းကောင်းသည့် ကြံမျိုးများနှင့် အထွက်တိုးစေမည့် စိုက်စနစ်များ ပညာပေးနိုင်ရန်အတွက် တောင်ကြီးမြို့နယ် အေးသာယာဂေါက်ကွင်း စံပြစိုက်ကွက်တွင် ၂၀၀၆ ဩဂုတ်လအတွင်း အထွက်ကောင်းကြံမျိုး ဧက ၈၈/၉၂ အား မျိုးပွားစမ်းသပ်စိုက်ပျိုးပညာပေးပြသခဲ့ပါသည်။ ၂၀၀၇ ခု ကြံစိုက်ရာသီတွင် ဇွန် ၁၆ ရက်နေ့တွင် တန်ကြားစနစ်၊ တန်းပြိုင်စနစ်များဖြင့် စတင်စိုက်ပျိုးခဲ့ပြီး ၎င်းကြံအထွက်နှုန်းမှာ တစ်ဧကလျှင် ၅၄ တန်အထိ ကြံထွက်နှုန်းမြင့်မားသည့် မျိုးကောင်းမျိုးသန့်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ အဘိုးဦးစိန်တိုး၊ အဘွားဒေါ်ခင်ညွန့်၊ နှစ်ဖက်မိဘများဖြစ်ကြသော ဦးကျော်သိန်း-ဒေါ်မမကြီး၊ ဦးခင်စိန်-ဒေါ်မြစိန်နှင့် အစ်ကို ကိုသန်းအောင်တို့အား ရည်စူး၍ မြေး ကိုအေးကြူ-မငွေငွေစိန် မိသားစုတို့က အလှူငွေကျပ် လေးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ UNICEF (Myanmar)၊ International Organization for Migration (IOM)UNIAP၊ World Vision နှင့် Save the Children တို့ ပူးပေါင်းကျင်းပသော အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေမြန်မာဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ UNICEF (Myanmar)၊ UNIAP International Organization for Migration (IOM)၊ World Vision၊ Save the Children နှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇွန် ၁၁ ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တွင် ဘော်လီဘော အားကစားနည်း တာဝန်ခံနာယကများဖြစ်ကြသည့် ဒေါ်ခင်ညွန့်မြိုင်နှင့် ဒေါ်သက်ရီတို့က နိုင်ငံတကာ ပြိုင်ပွဲများ၌ပါဝင်ယှဉ်ပြိုင်ရန် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် အမျိုးသား၊ အမျိုးသမီးဘော်လီဘော လက်ရွေးစင် အားကစားသမားများအတွက် အင်အားပြည့်အစားအစာများ ပေးအပ်လှူဒါန်းရာ ဘော်လီဘောအဖွဲ့ချုပ် အမှုဆောင် အမျိုးသမီး အသင်းလက်ထောက်နည်းပြ ဒေါ်သန္တာမောင် လက်ခံယူစဉ်။ (ကြေးမုံ)

ဇွန် ၁၆ ရက်က မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသားအသက် (၁၈)နှစ် အထက် ပြိုင်ပွဲဆုရ အားကစားသမားများအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၅၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပဲပေါင်မုန့်" (အပိုင်း-၃)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အထူးရဲ" (အပိုင်း-၁၈)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ရန်ကင်း ရွှေပြည်သာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် သုဝဏ္ဏ စုပေါင်းရပ်ကွက် ယင်းမာမြိုင်လမ်းနေ ဦးမင်းသူ-ဒေါ်သစ်သစ်ဦး (ဓာတ်မှန်ဌာန၊ သျှင်ပါကူ) မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် (သီတဂူ ကြာတစ်ပွင့်) မဟာဓမ္မကထိက ဗဟုဇန ဟိတရေ အရှင်မြတ်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ(ရွှေသီဂီရတနာဓမ္မာရုံ အမှတ်-၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဒေါက်တာ ဦးငြိမ်းမောင် (တိုင်းဆေးရုံအုပ်ကြီး၊ ထားဝယ်)အား ရည်စူး၍ တာမွေမြို့နယ် အင်းဝလမ်း မေတ္တာရိပ်ငြိမ်နေ ဒေါ်ခင်မငြိမ်းနှင့် သားသမီးမြေးတစ်စုတို့က ငွေကျပ် ၁၀၅၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာတွင် ဆောက်လုပ်လျက်ရှိသော ဓမ္မဗိမာန်တော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းနှင့် ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ်ခုနစ်သိန်းကို အလှူရှင်များဖြစ်ကြသော ဆရာတော် ဦးမင်္ဂလ(မဟာစည်) အား အမှူးထား၍ တောင်ကိုရီးယားနိုင်ငံရောက် မြန်မာဒါယကာ၊ ဒါယိကာ မများ၏ကိုယ်စား ရဟန်းဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ဦးသိန်း ဟန်-ဒေါ်ငွေးကြွယ်၊ ညီမဒေါ်စန်းကြည်တို့က ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတိုက်စိုးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ် မြေနီကုန်း ရှမ်းကုန်းလမ်းနေ ကွယ်လွန်သူ ဘိုးဘိုး ဦးဖိုးလွန်း၊ အဘွား ဒေါ်သိန်း၊ မေမေ ဒေါ်ခင်သောင်း၊ ဖေဖေ ဦးဝင်းရွှေတို့အား ရည်စူး၍ သား ဦးစိန်မောင်၊ သမီး မစန္ဒာဝင်း မောင်နှမတစ်စုတို့က အလှူငွေကျပ် ၂၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော ဦးသန်းလွင်၊ ဦးအုန်းကြိုင်တို့ ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ဆောင်ရွက်မှုများ ဒုတိယမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၀

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ကြည့်မြင်တိုင်မြို့နယ်အတွင်း ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဒုတိယမြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါ ကင်းစင်မှုရှိစေရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ဝိုင်းဝန်းပူးပေါင်း၍ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်အိမ်ရာ၌ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးငွေ့မှုတ်ခြင်း၊ ရေစည်၊ ရေကန်များအတွင်း ABADE ဆေးခတ်ခြင်း၊ လောက်လမ်းစားငါးများ ထည့်သွင်း မွေးမြူခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ် ကျင့်သုံးရေး၊ ပညာပေး သရုပ်ပြခြင်း၊ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်းတွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်ခြင်းကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ သဃ်ာန်းကျွန်းမြို့နယ်၊ အင်းစိန်မြို့နယ်၊ အလုံမြို့နယ်၊ သာကေတမြို့နယ်တို့၌ ယနေ့နံနက်ပိုင်းတွင်တစ်ပြိုင်နက်တည်းပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှုတ်ဆက်အားပေး

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်အိမ်ရာ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီး နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(မြို့တော်စည်ပင်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၄-၆-၂၀၀၇)ရက်နေ့

၂၀၀၇ ခုနှစ် ဇူလိုင်လအတွက်

(၈-၇-၂၀၀၇)ရက်နေ့

နှင့်

(၂၉-၇-၂၀၀၇)ရက်နေ့

ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ၌ ဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဇွန် ၂၀

ယခုသောကြာပတ် ဇွန် ၂၂ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ် ရုံတင်နိုင်ခြင်း မရှိဘဲ ပြီးခဲ့သည့် သောကြာနေ့မှစ၍ ရုံတင်ခဲ့သော မြန်မာဇာတ်ကား **ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း** ဇာတ်ကားတစ်ကားတည်းသာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသမည် ဖြစ်သည်။

လှိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ နွေးနွေးလှိုင်စီစဉ်ပြီး အကြည်တော်၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာမီးပွားရိုက်ကူးထားသည့် **ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း** ဇာတ်ကားမှာ မိန်းကလေးတစ်ယောက်ပင်ဖြစ်လည်း ချစ်သူကို ထူးထူးခြားခြား ကျီစယ် နောက်ပြောင်တတ်သူ၊ နောက်ပြောင်ရာ၌ တစ်ဖက်လူ အခံရခက်အောင် နောက်ပြောင်တတ်သူ မိန်းကလေးတစ်ဦး၏ အကြောင်းကို ဇာတ်အိမ်ဆင်ကာ ဟာသနှောထားသည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။ ဒါရိုက်တာ၏ ပီပြင်သော ရိုက်ချက်များကြောင့် ငိုတစ်လှည့်၊ ရယ်တစ်ခါ ခံစားကြည့်ရှုရမည့် ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

လွင်မိုး၊ ခန့်စည်သူ၊ နန္ဒာလှိုင်၊ သီတာဝင်း၊ ဇော်ဝမ်းနှင့် ချိုပြုံးတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

ရွှေ့ဆောင်ရုံတွင် လက်ဖြောင့်သေနတ်သမားတစ်ဦး၏အကြောင်းကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် SHOOTER အက်ရှင်ဇာတ်ကြမ်းကား ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင်နာမည်ကြီးပင့်ကူလူသားဇာတ်လမ်းများထဲမှ SPIDERMAN 3 ဇာတ်ကား ပြသမည်ဖြစ်သည်။

ဇာတ်လမ်း

ဇာတ်လမ်းမှာ မကောင်းသူပယ်၊ ကောင်းသူကယ်ကာ လူဆိုးများအား စွန့်စွန့်စားစား နှိမ်နင်းတိုက်ခိုက်ပုံများကို သည်းထိတ်ရင်ဖို ရှုစားကြရမည် ဖြစ်သည်။ (ကြေးမုံ)

ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းစီစဉ်မှု Myanmar Livestock Services Ltd. ၏ပံ့ပိုးကူညီမှုဖြင့် ဇွန် ၂၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီခွဲတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ မန်နေဂျင်းဒါရိုက်တာ ဦးအေးကျော်(MHR)က လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စားလည်းစား ထားလည်းထား များများ ပွားတဲ့ငါး

အဆင့်မြင့်တန်းကွင်းဖွင့်ပွဲ ဆက်လက်ယှဉ်ပြိုင် စီးပွား/ ကူးသန်းနှင့် ဆောက်လုပ်ရေး ဂိုးပြတ်နိုင်

ရန်ကုန် ဇွန် ၂၀

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့် ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်း အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ အနိုင်ရရှိသွားကြသည်။

(အောင်ဆန်းကွင်း)

စီးပွား/ကူးသန်း -သုံးဂိုး
(မျိုးမင်းထွန်း၊ ကျော်ဇင်ဝင်းနှင့် ဟိန်းဇာထွန်း)
ပြည်ထဲရေး -ဂိုးမရှိ
ဒိုင်လူကြီး -ဦးစိုးမိုးကျော်

လက်ရှိချန်ပီယံ စီးပွား/ကူးသန်း အသင်းက ပြည်ထဲရေးကို အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုတက်ရောက်ခွင့် ရရှိသွားသည်။ စီးပွား/ကူးသန်းအသင်းက အနိုင်ဂိုးများကို ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

(သုဝဏ္ဏကွင်း)

ဆောက်လုပ်ရေး -လေးဂိုး
Royal Eleven -တစ်ဂိုး

ယနေ့ပွဲအပြီးတွင် (က)အုပ်စု၌ စီးပွား/ကူးသန်းက နှစ်ပွဲနိုင်၊ ခြောက်မှတ်၊ ဆောက်လုပ်ရေးက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်၊ ပြည်ထဲရေးနှင့် Royal Eleven က တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်စီတို့ ရရှိထားကြသည်။

ယနေ့ပွဲ

ညနေ ၄ နာရီ

(အောင်ဆန်းကွင်း)

ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇ

(သုဝဏ္ဏကွင်း)

ကာကွယ်ရေးနှင့် စွမ်းအင်

(ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဗိုလ်မှူးမာရ်အောင် စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းတွင် သန့်ရှင်းသာယာလှပရေးအတွက် ဇွန် ၁၈ရက်က ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်နှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးတို့ ဦးဆောင်၍ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၁၂၀တို့ လုပ်အားဒါန ဆောင်ရွက်ကြစဉ်။ (ဒွ၃)

၂၀၀၇ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲကို ဇွန် ၃၀ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၁၂)နှစ်နှင့်အောက် အမျိုးသမီး၊ အမျိုးသား 'ခတ'ပြိုင်ပွဲ အမျိုးအစားနှင့် 'ကုမိတဲ'ပြိုင်ပွဲ အမျိုးအစား၊ အသက်(၁၅)နှစ်နှင့်အောက် အမျိုးသမီး 'ခတ' ပြိုင်ပွဲအမျိုးအစားနှင့် 'ကုမိတဲ' ပြိုင်ပွဲအမျိုးအစား၊ အသက်(၁၅)နှစ်နှင့်အောက် အမျိုးသား'ခတ'ပြိုင်ပွဲအမျိုးအစားနှင့် 'ကုမိတဲ'ပြိုင်ပွဲ အမျိုးအစား ပါဝင်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ ဇွန် ၂၇ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ထို့အပြင် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည့် အားကစားမောင်မယ်များ ပါဝင်သော လက်ရည်စစ်ပြိုင်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် အသက်(၁၇)နှစ်အောက် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၂၀

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ ကြီးမှူး၍ မြန်မာဂေါက်ကလပ်နှင့် Han Event Management က တာဝန်ယူကျင်းပသည့် ၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ (၉)မိုင်ရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ သက်ကြီးတန်းပြိုင်ပွဲနှင့် တစ်ဦးချင်း အကျော့ပေးပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား မြန်မာဂေါက်ကလပ်မှ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်မိုးက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကျင်းပ

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အသက်(၁၇)နှစ်အောက် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် သိုင်းအသင်း ၇၂သင်းမှ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားစုစုပေါင်း ၁၀၄ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇွန် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

အင် တာ နက် အား က စား သ တင်း

ခြေနာနေသော ဘက်ဟမ်း လော့စ်အိန်ဂျလိစ်မှ ဂယ်လက်ဆီတွင် ကစားနိုင်မည်လော

လန်ဒန် ဇွန် ၁၈

စပိန်လာလီဂါဖလားပွဲတွင် ဗိုလ်စွဲပြီးနောက် အမေရိကန် မေဂျာလိဂ်ဖလားပွဲများ၌ အလားတူ အောင်မြင်မှုမျိုးရရှိနိုင်မည်ဟူသော ရည်မှန်းချက်ဖြင့် ဒေးဗစ်ဘက်ဟမ်းသည် လော့စ်အိန်ဂျလိစ်ရှိ ဂယ်လက်ဆီ အသင်းဆီသို့ ရွှေ့ပြောင်းတော့မည် ဖြစ်သည်။

လော့စ်အိန်ဂျလိစ်ရှိ ဂယ်လက်ဆီ၌ ယခုကဲ့သို့ အောင်မြင်မှုမျိုးရရန်မှာ လွယ်ကူသည့်ကိစ္စမဟုတ်ဟု ဆိုသည်။

ဒေးဗစ်ဘက်ဟမ်း

လာလီဂါပြိုင်ပွဲ၌ မာယော့ကာအတွဲနှင့်ကစားအပြီး စပိန်လိဂ် ပွဲကြည့်ပရိသတ်များကို နှုတ်ဆက်နေသော ဒေးဗစ်ဘက်ဟမ်း။ *(ဓာတ်ပုံ-အင်တာနက်)*

ဒဏ်ရာရခဲ့

ရီယဲလ်မဒရစ်က ယှဉ်ပြိုင်ဘက် မာယော့ကာအသင်းကို တနင်္ဂနွေနေ့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲ တွင် ဘက်ဟမ်းသည် ခြေမျက်စိတွင် ဒဏ်ရာရခဲ့သည့်အတွက် ထွက်သွားခဲ့ရသည်။

မေဂျာလိဂ်ဖလားပြိုင်ပွဲ များ၌ ဘက်ဟမ်းအနေဖြင့် ဂယ်လက်ဆီအသင်းအတွက် ချက်ချင်းလက်ငင်း အောင်ပွဲများရရှိအောင် လုပ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထား၍ မရပေ။

ဘက်ဟမ်းသည် ၎င်း၏ခြေမျက်စိအခြေအနေမည်သို့ ရှိသည်ကို အတိအကျသိရှိနိုင်ရန် စကင်ဓာတ်မှန်ရိုက်ကြည့်ရမည်ဖြစ်သည်။ အကယ်၍ ၎င်း၏ခြေမျက်စိတွင် အရိုးအက်ခြင်း၊ အရွတ်စုတ်ပြဲနေခြင်းများကို တွေ့ရပါက ဒဏ်ရာမှာ အချိန်တိုအတွင်း ပျောက်ကင်းနိုင်မည်မဟုတ်ဘဲ အချိန်အတန်ကြာအောင် အနားယူရမည်ဖြစ်သည်။ သို့ရာတွင် ၎င်းအနေဖြင့် ဂယ်လက်ဆီအသင်းတွင် ဇူလိုင်လမှစ၍ ကစားရန် စီစဉ်ထားသည်။

ဘက်ဟမ်းသည် ဇွန် ၆ရက်က အင်္ဂလန်အသင်းအတွက် အက်စတိုးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားနေစဉ် ခြေထောက်ဒဏ်ရာရရှိခဲ့သည်။ ထိုပွဲ၌ ခြေထောက်နာနေသော်လည်း အင်္ဂလန်အသင်းအတွက် နှစ်ဂိုးရအောင်ဖန်တီးပေးနိုင်ခဲ့သည်။

၎င်းသည် ခြေနာနေသော်လည်း ရီးယယ်ဇာရာဂိုဇာအသင်းနှင့် ယှဉ်ပြိုင်ရာတွင် ပါဝင်ကစားနိုင်ခဲ့သေးသည်။

သို့ရာတွင် မာယော့ကာအသင်းနှင့် ယှဉ်ပြိုင်ရသောပွဲ၌ ၎င်း၏ခြေထောက်ဒဏ်ရာ ပြန်လည်ပေါ်လာသည်။

အင်တာနက်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

၂၀၀၇ ခုနှစ် ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဖလား(က)အဆင့်နှင့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း (ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ဆက်လက်ကျင်းပသည်။

ကျင်းပ

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသမီး ၅၂ကီလိုတန်းနှစ်ပွဲ၊ သက်ငယ်တန်း ၃၆ကီလိုနှစ်ပွဲ၊ ၃၉ကီလိုတစ်ပွဲ၊ ၄၅ကီလိုလေးပွဲ၊ ၄၈ကီလို လေးပွဲ၊ (ဂ)အဆင့် လိုက်ဖလိုင်းဝိတ်တန်းလေးပွဲ၊ ဝယ်တာဝိတ်တန်းလေးပွဲ၊ (ခ)အဆင့် ဖယ်သာဝိတ်တန်းနှစ်ပွဲ၊လိုက်ဝယ်တာ ဝိတ်တန်းနှစ်ပွဲ၊ ဝယ်တာဝိတ်တန်းနှစ်ပွဲ၊ (က)အဆင့် ဖလိုင်းဝိတ်တန်းတစ်ပွဲ၊ ဘင်တန်ဝိတ်တန်းနှစ်ပွဲနှင့် ဝယ်တာဝိတ်တန်း တစ်ပွဲ စုစုပေါင်းပွဲစဉ် ၂၉ ပွဲကို ကျင်းပသည်။

အနိုင်ရရှိ

သက်ငယ် ၃၆ကီလိုတန်းတွင် ကျော်ဝင်းဌေး(ကရင်)က ဇော်မြင့်စိုး(ရန်ကုန်)ကိုလည်းကောင်း၊ ပိုင်ဆက်သူ(မန္တလေး)က အောင်ဒင်(စစ်ကိုင်း)ကိုလည်းကောင်း၊ ၃၉ကီလိုတန်းတွင် ထက်အောင်(ရန်ကုန်)က ဟောက်ဒိတ်တွာ(စစ်ကိုင်း)ကို လည်းကောင်း၊ ၄၅ကီလိုတန်းတွင် ကျော်လင်းထွန်း(မန္တလေး)က ရွှေနိုင်ဦး (စစ်ကိုင်း)ကိုလည်းကောင်း၊ ညီညီအောင်(ရခိုင်)က စိုးမိုးနိုင်(မကွေး)ကို လည်းကောင်း၊ ချမ်းမြေ့(ဧရာဝတီ)က အောင်မြတ်(ရန်ကုန်)ကိုလည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။ အမျိုးသမီး ၅၂ကီလိုတန်းတွင် ဟေမာန်စိုး(ကရင်)က ယမင်းစိုး(ပဲခူး)ကို အနိုင်ရရှိသည်။

ဇွန် ၂၁ ရက် ညနေ ၃ နာရီတွင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်။ (ကြေးမုံ)

သက်ငယ်တန်း ၄၅ကီလိုတန်းတွင် အောင်ဇေယျာထွန်း(ကယား)နှင့် ကျော်ထက်ဦး(တနင်္သာရီ)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကုသိုလ်ဖြင့်သာကယ်တင်ပါ တရားတော် ဝနဝါသီအရှင်ဝါသေဌာဘိဝံသ (ကျောက်တစ်လုံး တောရဆရာတော်)
၈း၀၅	မိုးကောင်းညောင်ရမ်းကျောင်း မှတ်တမ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ပြည်တွင်းအနုပညာရေးရာ
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	သီးနှံစိုက်ပျိုးအထွက်တိုး "အရှိန်အဟုန်မြှင့်ရမည့်စက်မှုလယ်ယာမြေကူးပြောင်းရေး
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	သီးပွင့်ဝေစာ၊ ပဒေသာ(သရက်)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၄၅	ဂီတရပ်ဝန်းမှပဲ့တင်သံများ (စိုးစန္ဒာထွန်း)
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း-၁)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	Business Talk ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)နှင့်တွေ့ဆုံခြင်း(ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး စီမံကိန်း အကြောင်း သိကောင်းစရာ)
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅	ပျော်ရွှန်ကျန်းမာ သန့်စင်သောအစာ (ဆုပန်ထွာ၊ပွင့်၊ဟဲဗီးဖြိုး)
၁၁း၅၀	မိုးလေဝသခန့်မှန်းချက်
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	ရဟန်းတော်နှင့် ပိဋကစာရိကကျင့်ဝတ်
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	Language Lab အထက(၁)ဒဂုံ
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း မော်လမြိုင်မြို့ပေါ်ရှိ ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး သန့်ရှင်းရေးဆောင်ရွက်နေမှုများ ကြည့်ရှု

နေပြည်တော် ဇွန် ၂၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီးတို့သည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၃ ရက် နံနက် ၇ နာရီက မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းသို့သွားရောက်၍ ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် ဆေးဖျန်းစက်ဖြင့် ခြင်ဆေးမှုတ်ဆောင်ရွက်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေခြင်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက စေတနာ ညကျောင်းအတွက် ထောက်ပံ့ငွေ ကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်ထံပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက် သုခဝတီအခြေခံပညာအလယ်တန်းကျောင်းနှင့်မျှော်လင့်ရပ် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များက သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ပညာပေးစာစောင်များ ဖြန့်ဝေနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပိုလီယို ကာကွယ်ဆေး တိုက်ကျွေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့ ဧရာဝတီတိုင်း ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲ အခမ်းအနားတွင် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးစဉ်။

(သတင်းစဉ်)

လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် ဇွန် ၂၀

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသောဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်း ရပ်ဝန်းသည် ပိုမို အားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန် ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် အကျဉ်းဦးစီးဌာန ခြံစည်းရိုးကြက်ဆူစိုက်ခင်း ကြည့်ရှု အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၀

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဇွန် ၉ ရက် နံနက် ၈နာရီတွင် ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက် ထောင်ကုန်းလမ်းရှိ အကျဉ်းဦးစီးဌာန၏ခြံစည်းရိုးကြက်ဆူ လေးဧကစိုက်ခင်း ရှင်သန်ဖြစ်ထွန်းနေမှုနှင့် ရင့်မှည့်အသီးများဆွတ်ခူးနေမှုကို ကြည့်ရှုစစ်ဆေးရာ အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်သော ဦးဆွေတင်နှင့် ဦးကြည်သာတို့က လိုက်လံရှင်းလင်းတင်ပြရာ တိုင်းမှူးက ရှင်သန်ဖြစ်ထွန်းနေသောအပင်များ၏ အသီးအထွက်နှုန်းကောင်းစေရန် ကိုင်းပွားများများရရှိအောင်ဆောင်ရွက်ရေးနှင့် ခူးဆွတ်ပြီးအသီးများမှ အောင်မြင်သောမျိုးစေ့များရယူ၍ မြေဘောင်စနစ်ဖြင့် အမြန်ဆုံးပျိုးထောင်စိုက်ပျိုးသွားရေးတို့ကို မှာကြားခဲ့သည်။

၎င်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ဒေသခံပြည်သူများက ဈေးချောင်းရေစီးရေလာကောင်းမွန်အောင် မြောင်းဖော်ဆယ်ယူနေမှုနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ပုသိမ်တက္ကသိုလ် အဝင်မုခ်ဦးတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် နံနက် ၉ နာရီတွင် ပုသိမ်မြို့ ရွှေဝါခန်းမ၌ပြုလုပ်သော ဧရာဝတီတိုင်း ဒေသအလိုက်အမျိုးသား ကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်စန်းနှင့်အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းကျန်းမာရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ပုသိမ်အသင်းခွဲ)မှ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

NLDပါတီသည် ပြည်သူလူထု၏အကျိုးစီးပွားကိုဖော်ဆောင်မှုမရှိ ပြည်ပအားကိုးဖြင့် နိုင်ငံနှင့်လူမျိုးပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်နေ ပါတီနှင့်ပါတီခေါင်းဆောင်များ၏ မှားယွင်းနေသောလုပ်ရပ်နှင့် အတွေးအခေါ်တို့ကြောင့် လှိုင်သာယာမြို့နယ်မှ ပါတီဝင် ၁၀ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးအောင်ရင်၊ ဦးစိန်မောင်၊ ဦးထွန်းထွန်း၊ ဒေါ်ကြည်နွဲ့(ခ) ဒေါ်သန်းသန်းရွှေ၊ ဦးမောင်မောင်မြင့်၊ ဦးမောင်မောင်အောင်၊ ဒေါ်အေးအေးမြင့်(ခ) ဒေါ်သန်းသန်းရွှေ၊ အငယ်လေး(ခ) ဝင်းမောင်၊ ဦးစိုးတင့်နှင့် ဦးသန်းထွန်းကျော်တို့သည် ဇွန် ၁၃ရက်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး **စာမျက်နှာ ၉ ကော်လံ ၂ သို့** ➪